# ယနေ့မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၅၉)၊ ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်၊ ၂၈-၁၁-၂၀၂၄၊ ကြာသပတေးနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်၏ အဓိကကုန်ထုတ်လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်

## သို့မှသာ ဆက်စပ်နေသည့် ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများပါ တိုးတက်လာပြီး နိုင်ငံတော်၏စီးပွားရေး ပြန်လည်ဦးမော့လာစေမည်

နေပြည်တော် နိုဝင်ဘာ ၂၇

ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၄ သို့ ○

### ယနေ့ ဖတ်စရာအညွှန်း


လီဝန်ဒေါ်စကီး ကစားသမားဘဝတစ်လျှောက် ချန်ပီယံလိဂ် သွင်းဂိုး ၁၀၀ ပြည့်မြောက်

စာမျက်နှာ ၁၁

အိပ်ပျော်သည်ဆိုရုံမျှဖြင့် ဦးနှောက်ကိုအားတိုးစေမည်

စာမျက်နှာ ၁၉


### တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

မိုး/ဧလ

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်၊ ကြာသပတေးနေ့။

## ပလင်းတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရေး ဆောင်ရွက်လျက်ရှိ

ယနေ့ခေတ်ကာလ စာသင်ကျောင်းအသီးသီးတွင် လူငယ်တို့၏ လှုပ်ရှားတက်ကြွမှုများက နိုင်ငံတော်အတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။ ယနေ့တွင် လူငယ်များအနေဖြင့် လှုပ်ရှားတက်ကြွမှုများကို တစ်ခုမဟုတ် တစ်ခု ပြုလုပ်နေတတ်ကြသည်။ ယနေ့လူငယ်များသည် စာပေကို လိုက်စားကြပြီး နည်းပညာခေတ်ဖြစ်သည့်အတွက် အင်တာနက်မှဖြစ်စေ၊ စာအုပ်များဝယ်ယူ၍ဖြစ်စေ ဖတ်ရှုလေ့လာကြသည်။ ယခုအခါ နိုင်ငံတော်အစိုးရက ကျောင်းသားလူငယ်များ ယခုထက် စာများ ပိုမိုဖတ်ရှုလာနိုင်ရေးအတွက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များ ကျင်းပပေးလျက်ရှိသည်။ စာဖတ်ခြင်းဖြင့် အတွေးအမြင်များ ကျယ်ပြန့်လာမည်။ ဗဟုသုတများ တိုးပွားလာမည်ဖြစ်သည်။

ထို့ပြင် အားကစားပြုလုပ်ခြင်းဖြင့် နိုင်လိုစိတ်ကို ထက်သန်လာစေသည်။ အနိုင်ရရှိလိုစိတ်သည် အားကစားပွဲတွင်သာ မဟုတ်တော့ အကျင့်စွဲမြဲကာ ပညာရေး၊ စီးပွားရေးတို့တွင်လည်း ပါဝင်လာနိုင်သည်။ ထိုအခါ လူငယ်များပေါင်းစု၍ လှုပ်ရှားတက်ကြွမှုများပြုလုပ်ရာမှ အောင်မြင်မှုများရရှိလာမည်ဖြစ်သည်။ လှုပ်ရှားတက်ကြွမှုများသည် ယနေ့ လူငယ်များအတွက် အတွေးအခေါ်ကောင်းများရရှိလာမည်ဖြစ်သည်။ အသစ်အဆန်းများ တီထွင်လာနိုင်မည်ဖြစ်သည်။ အဆက်မပြတ်လှုပ်ရှားတက်ကြွမှုဖြင့် ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိလာမည်ဖြစ်သည်။ ကျောင်းသားလူငယ်လေးများ ပေါင်းစုကာ လှုပ်ရှားတက်ကြွမှုများ ပြုလုပ်နေခြင်းဖြင့် ညီညွတ်သောစိတ်ဓာတ်၊ လူမှုရေးစိတ်ဓာတ်များ ပေါ်ပေါက်ကာ အချင်းချင်းကိုယ်ချင်းစာတတ်လာမည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းသားလူငယ်များ လှုပ်ရှားတက်ကြွမှုပြုလုပ်လေ အကျိုးများလေဖြစ်သည်။

အနာဂတ်တွင် ကျောင်းသားလူငယ်များကသာ ကမ္ဘာကြီးကို ပဲ့ကိုင်ရမည်ဖြစ်သည့်အတွက် လူငယ်များ လမ်းကြောင်းမှန်ဖို့လိုမည်ဖြစ်သည်။ ယနေ့ ကျောင်းသားလူငယ်များအား နိုင်ငံတော်က အကျင့်စာရိတ္တကောင်းများ မျိုးစေ့ချပေးနိုင်ရန် ကျောင်းအသီးသီးတွင် ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့ခေတ်တွင် မိဘနှင့် ဆရာများက မိမိတို့၏ သား၊ သမီး၊ တပည့်များကို ဗလငါးတန်နှင့် ပြည့်စုံပြီး တိုင်းပြည်က အားထားရသော လူတော်လူကောင်းများ ဖြစ်စေချင်သည်။ စိတ်ရင်းစိတ်ထားကောင်းဖြင့် အများအကျိုးသယ်ပိုးလိုသော စိတ်ကောင်းစေတနာကောင်းရှိသူများ ဖြစ်စေချင်သည်။ စိတ်ကောင်းစေတနာကောင်းမှာ စာရိတ္တကောင်းမွန်ရန် လိုအပ်ပေသည်။ ဗလငါးတန်တွင် အဓိကအကျဆုံးသော အရာမှာ စာရိတ္တဗလဖြစ်သည်။ စာရိတ္တကောင်းမွန်ရန်အတွက် စောင့်စည်းအပ်သည်ကို စောင့်စည်းရပေမည်။ စာရိတ္တဖြည့်တင်းခြင်းမှာ မကောင်းသည်ကိုရှောင်၍ ကောင်းသည်ကို ဆောင်ခြင်းပင်ဖြစ်လေသည်။

သို့ဖြစ်ရာ နိုင်ငံတော်က နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ



**တပ်ကုန်း နိုဝင်ဘာ ၂၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ဆရာစံရပ်ကွက်၊ အခြေခံပညာအလယ်တန်းကျောင်း စာသင်ဆောင်တွင် ကျင်းပခဲ့သည်။

အဆိုပါ လူငယ်စကားဝိုင်းတွင် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ပြီး၊ ဆရာစံရပ်ကွက်၊ အခြေခံပညာအလယ်တန်းကျောင်းမှ မောင်မြတ်မင်းမောင် (Grade-9)၊ မောင်ဇေယျာမောင် (Grade-9)၊ မငြိမ်းချမ်းလှိုင် (Grade-9)၊ မအိမ့်မှူးပိုင်(Grade-9)တို့က လူငယ်နှင့် အနာဂတ်၊ လူငယ်နှင့် မူးယစ်ဆေးဝါး၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် ကိုယ်ကျင့်တရားခေါင်းစဉ်တို့ဖြင့် ဦးဆောင်ဆွေးနွေးခဲ့ပြီးနောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းခဲ့ကြရာ စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်သော ဦးစီးအရာရှိနှင့် ဦးဆောင်ဆွေးနွေးသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။

အဆိုပါ လူငယ်စကားဝိုင်း ဆွေးနွေးပွဲအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတရသစာအုပ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်၊ ကလေးများအတွက် အသိပညာပေးနံရံကပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## အမှတ်(၅)အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ Steel Structure စာသင်ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ပေးလျက်ရှိ



**ကျောက်ဆည် နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ အမှတ်(၅)အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး (၂၀၂၄-၂၀၂၅)ဘဏ္ဍာနှစ်တွင် ပေ ၆၀ × ပေ ၃၀ Steel Structure စာသင်ကျောင်းဆောင်သစ်(၁) ဆောင် ဆောက်လုပ်ပေးလျက်ရှိသည်။

အမှတ်(၅)အခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် KG တန်း၌ ကျောင်းသား၊ ကျောင်းသူ ၂၅ ဦး၊ Grade - 1 အတန်း၌ ၂၇ ဦး၊ Grade - 2 အတန်း၌ ၄၃ ဦး၊ Grade - 3 အတန်း၌ ၄၈ ဦး၊ Grade - 4 အတန်း၌ ၂၇ ဦး၊ Grade - 5 အတန်း၌ ၁၇ ဦး၊ Grade - 6 အတန်း၌ ၁၅ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၈၇ ဦးအား ကျောင်းအုပ်ဆရာကြီး အပါအဝင် ဆရာ၊ ဆရာမ ၁၁ ဦးက တာဝန်ယူ၍ ပညာသင်ကြားပေးလျက်ရှိသည်။

အသစ်ဆောက်လုပ်ပေးသော ပေ ၆၀ × ပေ ၃၀ Steel Structure စာသင်ကျောင်းဆောင်သစ်အား နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေကျပ် ၃၃၃ ဒသမ ၁၀၉ သန်း အကုန်အကျခံကာ အောင်ကျော်မျိုးဇံ ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူကာ ဆောက်လုပ်ပေးခြင်းဖြစ်ကြောင်းနှင့် အဆိုပါကျောင်းသည် ဘောဂဝတီ အုပ်စု၊ ပေါက်တောရပ်ကွက်တွင် တည်ရှိပြီး ၁၉၅၀ ခုနှစ်၊ ဇွန် ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အကျယ်အဝန်းအားဖြင့် အလျား ၁၃၀ ပေ၊ အနံ ၉၀ ပေ၊ ဧရိယာ ၀ ဒသမ ၂၇ ဧက ကျယ်ဝန်းကြောင်း သိရသည်။

(၄၈၅)

## မိတ္ထီလာမြို့နယ် စက်ပစ်တောင်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**မိတ္ထီလာ နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် စက်ပစ်တောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျေးရွာကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။

မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် စက်ပစ်တောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် စက်ပစ်တောင်ကျေးရွာ၌ အရှည် ၆၆၀ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၇၀ သန်း၊ စုစုပေါင်း ငွေကျပ် ၂၀ ဒသမ ၇၀ သန်းဖြင့် စက်ပစ်တောင်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့၏ ဦးဆောင်မှုဖြင့် ယခုနှစ် ဩဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းမှာ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ ၎င်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက စက်ပစ်တောင်ကျေးရွာ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ ကျေးရွာကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၂၂၉ ၊ လူဦးရေ ၁၂၁၂ ဦးတို့အတွက် ပညာရေး၊ ကျန်းမာရေး၊ လူနေမှုအဆင့်အတန်းနှင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(၄၆၉)

ဝ-ဝ-ဝ-ဝ-ဝ



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ
(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၇ / ၂၀၂၄)

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်
( ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ထ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ထ) အသင်းဆိုသည်မှာ မြန်မာနိုင်ငံစာရင်းကောင်စီ၏ လုပ်ငန်းတာဝန်များ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဤဥပဒေအရ တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးထားသော စာရင်းပညာဆိုင်ရာ အမျိုးသားအဆင့်အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း သို့မဟုတ် ယင်းအသင်းကိုဆက်ခံသည့် အဖွဲ့အစည်းကိုဆိုသည်။"

၃။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံစာရင်းကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုစာရင်းစစ်ချုပ် | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယစာရင်းစစ်ချုပ် | ဒုတိယဥက္ကဋ္ဌ(၁) |
| (ဂ) | အသင်းဥက္ကဋ္ဌ | ဒုတိယဥက္ကဋ္ဌ(၂) |
| (ဃ) | တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်များ | အဖွဲ့ဝင် |
| (င) | ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်၊ စစ်ဆေးရေးဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဈ) | စီးပွားရေးတက္ကသိုလ်များမှ ၃ ဦးထက်မပိုသော ပါမောက္ခချုပ်များ | အဖွဲ့ဝင် |
| (ည) | အသင်းမှ ကိုယ်စားလှယ် ၉ ဦး | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (ဌ) | ၅ ဦး ထက်မပိုသော သင့်လျော်သည့် နိုင်ငံသား စာရင်းပညာရှင်များ | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်(အမြဲတမ်းအတွင်းဝန်)၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အတွင်းရေးမှူး |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်၊ နည်းပညာဖွံ့ဖြိုးရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | တွဲဖက်အတွင်းရေးမှူး(၁) |
| (ဏ) | အသင်းအတွင်းရေးမှူး | တွဲဖက်အတွင်းရေးမှူး(၂)" |

၄။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၁၂ တွင် -

(က) ပုဒ်မခွဲ (ဆ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဆ) ကောင်စီတွဲဖက်အတွင်းရေးမှူး(၁)  တွဲဖက်အတွင်းရေးမှူး(၁)"

(ခ) ပုဒ်မခွဲ (ဆ)၏နောက်၌ ပုဒ်မခွဲ(ဇ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဇ) ကောင်စီတွဲဖက်အတွင်းရေးမှူး(၂)  တွဲဖက်အတွင်းရေးမှူး(၂)"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးစေရန် လူငယ်စကားဝိုင်း ကျင်းပ

**အောင်လံ နိုဝင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှုမြင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးမျိုးသိန်းက ကျောင်းသား၊ ကျောင်းသူလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးအောင် စာပေများ ဖတ်ရှုကြရေး၊ စာပေလေ့လာခြင်းဖြင့် အသိပညာများ ဖွံ့ဖြိုးပြီး နိုင်ငံသားကောင်းလူငယ်များဖြစ်လာရေး၊ အနာဂတ်အတွက် ရည်မှန်းချက်ထားရှိစေရန် ပြောကြားခဲ့သည်။ ဆက်လက်၍ မနှင်းဟေမန်ထွန်း G-11 မှ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်၊ မောင်ဆက်နိုင် G-11 မှ လူငယ်နှင့်စာဖတ်ခြင်းအကျိုးကျေးဇူး၊ မမေမိုးသာ G-11 မှ လူငယ်နှင့်ယဉ်ကျေးမှုတန်ဖိုး၊ မောင်ဇင်မင်းထွန်း G-11 မှ လူငယ်နှင့်သတ္တိစသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသောကျောင်းသားများက သိရှိလိုသည်များ မေးမြန်းခဲ့ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်၊ စာစောင်များ၊ နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။




**အာကာ(ပြန်/ဆက်)**

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

> ☆ စိုက်ပျိုးရေးလုပ်ငန်းများ၌လည်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ သီးထပ်စွမ်းအားတိုးမြှင့်ခြင်း၊ စိုက်ဧကတိုးချဲ့ခြင်းဟူသည့် နည်းလမ်းသုံးသွယ်ဖြင့် အထွက်နှုန်းတိုးမြှင့်အောင် ဆောင်ရွက်နိုင်
>
> ☆ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်ဆောင်ရွက်ခြင်းနှင့် သီးထပ်စွမ်းအားတိုးမြှင့်ခြင်းသည် မူလရှိပြီးအခြေခံအပေါ် တိုးတက်အောင်ဆောင်ရွက်ရခြင်းဖြစ်ပြီး ဖြစ်နိုင်ခြေမြင့်မားသဖြင့် အလေးထားဆောင်ရွက်ရမည်

○ ရှေ့ဖုံးမှ

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အစည်းအဝေးတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို ဘဏ္ဍာရေးဆိုင်ရာကော်မရှင်က အတည်ပြုပေးရန်ဖြစ်ကြောင်း၊ အတည်ပြုပြီးပါက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဆက်လက်ပေးပို့တင်ပြ အတည်ပြုပြဋ္ဌာန်းသွားရမည်ဖြစ်ကြောင်း။

ဖြည့်စွက်ခွင့်ပြုငွေဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း မဖြစ်မနေ ဆက်လက်ဆောင်ရွက်ရမည့် စီမံကိန်းများ၊ လုပ်ငန်းများအတွက် အသုံးစရိတ်များကိုကျခံသုံးစွဲရန် မူလခွင့်ပြုငွေဖြင့် မလုံလောက်ခြင်း၊ မူလခွင့်ပြုငွေအတွင်း ရန်ပုံငွေလွှဲပြောင်းသုံးစွဲရန် မလုံလောက်ခြင်း၊ အထွေထွေ ပိုလျှံရန်ပုံငွေမှ လွှဲပြောင်းကျခံသုံးစွဲမှုမပြုနိုင်ခြင်း စသည့်အခြေအနေများကြောင့် ထပ်မံလိုအပ်လာသည့်ငွေကိုသာ တောင်းခံရမည်ဖြစ်ကြောင်း၊ ဌာန၊ အဖွဲ့အစည်းများမှ တောင်းခံလာသည့် ဖြည့်စွက်ခွင့်ပြုငွေများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေဖြင့် အတည်ပြုပြဋ္ဌာန်းပြီးမှသာ သုံးစွဲရမည်ဖြစ်သည့်အတွက် သုံးစွဲနိုင်မည့်ကာလသည် လေးလခန့်သာကျန်ရှိကြောင်း၊ ထို့ကြောင့် ဘဏ္ဍာရေးနှစ်မကုန်မီ လုပ်ငန်းများပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အသုံးစရိတ်များကိုသာ တောင်းခံကြရမည်ဖြစ်ပြီး အချိန်မီပြီးစီးအောင်လည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အသုံးစရိတ်များ ပိုမိုသုံးစွဲနိုင်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်ခြင်း၊ ပြည်တွင်းစားသုံးမှုအတွက် အထောက်အကူပြုခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်ခြင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုများ တိုးတက်စေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည့်အပြင် ပုဂ္ဂလိကကဏ္ဍ၏ ဝယ်လိုအားတိုးတက်စေနိုင်ခြင်းကြောင့် နိုင်ငံ့စီးပွားပြန်လည်တိုးတက်လာစေရေးအတွက် အစိုးရ၏ဦးဆောင်မှုနှင့် စီးပွားရေးအခြေအနေ ပြန်လည်နိုးထလာစေရန် ဆောင်ရွက်ခြင်းဟုလည်း ဆိုနိုင်ကြောင်း။

အချို့သောကိစ္စများကြောင့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားနိုင်ရန် နိုင်ငံတော်၏ အဓိကကုန်ထုတ်လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ သို့မှသာ ဆက်စပ်နေသည့် ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများပါ တိုးတက်လာပြီး နိုင်ငံတော်၏စီးပွားရေးလည်း ပြန်လည်ဦးမော့လာစေမည်ဖြစ်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှသာ ပြည်ပမှ ကုန်ပစ္စည်းတင်သွင်းမှုများ လျှော့ချနိုင်ပြီး နိုင်ငံခြားသုံးငွေသုံးစွဲမှုလည်း လျော့ကျလာမည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်တွင်းငွေကြေးလည်ပတ်မှုများ တိုးတက်ကောင်းမွန်လာပြီး နိုင်ငံတော်၏ ငွေကြေးကဏ္ဍတည်ငြိမ်မှုကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် နိုင်ငံတော်က ထပ်မံခွင့်ပြုပေးလိုက်သည့် ဖြည့်စွက်ခွင့်ပြုငွေများကို နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အလျင်အမြန် အထောက်အကူပြုမည့်လုပ်ငန်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးမည့်လုပ်ငန်းများတွင် ထိထိရောက်ရောက်ဖြစ်စေရေး ကြပ်မတ်စိစစ်သုံးစွဲကြစေလိုကြောင်း။

ထို့ပြင် နိုင်ငံ၏ဂျီဒီပီတိုးတက်ရန်အတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ရန် လမ်းညွှန်ထားပြီးလည်းဖြစ်ကြောင်း၊ အသုံးစရိတ်နှင့် ဆက်စပ်နေသည့် GDP ရည်မှန်းချက်များကို ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ရေးကို ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ကြိုးပမ်းဆောင်ရွက်ရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်သို့ တင်ပြခြင်းဖြစ်ကြောင်း၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို စိစစ်ရာမှာ သာမန်အသုံးစရိတ်အပိုင်းလိုအပ်ချက်များနှင့် မူလခွင့်ပြုငွေတွင် ပါဝင်ခြင်းမရှိသော်လည်း နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများ၏စားဝတ်နေရေးသက်သာချောင်ချိမှုကို အထောက်အကူဖြစ်စေရန်အတွက် ၂၀၂၄ ခုနှစ် ဩဂုတ်လမှစ၍ နိုင်ငံ့ဝန်ထမ်းများအား အပိုထောက်ပံ့ငွေများတိုးမြှင့်ပေးခဲ့ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ လိုငွေအတွက် ပြည်ထောင်စုမှ ထောက်ပံ့ငွေနှင့် အခွန်ဝေစုတို့ကိုလည်း ခွင့်ပြုပေးခဲ့ကြောင်း။

ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များနှင့် အခြားဘေးအန္တရာယ်များကြောင့် ကာကွယ်ရေးလုပ်ငန်းများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် နေရပ်စွန့်ခွာပြည်သူများ၏ စားဝတ်နေရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေသို့ ထပ်မံထောက်ပံ့ပေးရမည်ဖြစ်သည့်အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းရှိ ထောက်ပံ့ငွေစာရင်းတွင် ကျပ် ၂၇၅ ဘီလီယံ ခွင့်ပြုပေးခဲ့ကြောင်း၊ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်က အတည်ပြုထောက်ခံပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဥပဒေကြမ်းများနှင့်ပတ်သက်သည့် ဥပဒေဆိုင်ရာ အကြံပြုချက်များကိုလည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များအရ အနာဂတ်ကာလတွင် ဆောင်ရွက်သင့်သည့် အချက်များကိုလည်းကောင်း အကြံပြုဆွေးနွေးတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အသီးသီးတင်ပြကြသည်။

## နိုင်ငံ့ GDP တိုးတက်ရေး

တင်ပြမှုများနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်၏ GDP တိုးတက်လာမည်ဆိုပါက ဘတ်ဂျက်ပိုမိုအသုံးပြု၍ ရနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ GDP သည် အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများထက် နည်းပါးလျက်ရှိသည်ကို တွေ့ရ၍ GDP တိုးတက်လာရေး ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း။

နိုင်ငံ့ GDP တိုးတက်စေရန်အတွက် ကုန်ထုတ်လုပ်မှုတိုးတက်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုဆိုရာ၌ နိုင်ငံအတွက် အခြေခံကျသော လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီးတွင် စိုက်ပျိုးရေးထွက်ကုန် စိုက်ပျိုးသီးနှံများ ပိုမိုထွက်ရှိတိုးတက်လာမည်ဆိုပါက ၎င်းကိုအခြေခံသည့် စက်မှုကဏ္ဍကြီးသည်လည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍကြီး တိုးတက်လာပြီး ကုန်ထုတ်လုပ်မှုများ တိုးမြင့်လာမည်ဆိုပါက ဝန်ဆောင်မှုကဏ္ဍကြီးသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ပင်ဖြစ်သကဲ့သို့ ငွေကြေးစီးဆင်းမှုများပြားလာပြီး ဘဏ္ဍာရေးကဏ္ဍကလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ကဏ္ဍများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်ချိတ်ဆက်တိုးတက်လာမည်ဖြစ်၍ အခြေခံကျသည့် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို တိုးတက်စေရေး အားသွန်ခွန်စိုက်ဆောင်ရွက်ရန် လိုကြောင်း။

ယခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကြုံတွေ့ခြင်း၊ သွင်းအားစုများ ဈေးနှုန်းမြင့်တက်ခြင်းတို့ကို အကြောင်းပြု၍ အခြေခံစားကုန်များ ဈေးနှုန်းကြီးမြင့်လာခြင်းကြောင့် အခြေခံလူတန်းစားများအနေဖြင့် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ အဓိကစားသုံးသည့် အသားများဖြစ်သည့် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါးတွင် အများစုကို ဒေသအလိုက်၊ နေရာအလိုက် အောင်မြင်စွာ မွေးမြူနိုင်သည့် အခြေအနေများ ပိုင်ဆိုင်ပြီးဖြစ်ကြောင်း၊ အမှန်တကယ်အလုပ်လုပ်ကြမည်ဆိုပါက ဒေသတွင်း စားရေးဖူလုံမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကာ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်မည်ဖြစ်ကြောင်း၊ ဒေသမျိုးများကိုပင် လှောင်မွေးစနစ်ဖြင့် စနစ်တကျမွေးမြူပါက တိုးတက်မှုများပြားလာမည်ဖြစ်ကြောင်း၊ ဒေသတွင်း၌ ထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးပြု၍ အစာကျွေးမွေးမည်ဆိုပါက အောင်မြင်သည့် မွေးမြူရေးလုပ်ငန်းကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ အခြေခံလူတန်းစားများ၏ သက်သာချောင်ချိရေးကို အထူးအလေးထား ဆောင်ရွက်ပေးရန်လိုကြောင်း။

အလားတူ **စိုက်ပျိုးရေးလုပ်ငန်းများ၌လည်း ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ သီးထပ်စွမ်းအားတိုးမြှင့်ခြင်း၊ စိုက်ဧကတိုးချဲ့ခြင်းဟူသည့် နည်းလမ်းသုံးသွယ်ဖြင့် အထွက်နှုန်းတိုးမြှင့်အောင် ဆောင်ရွက်နိုင်ကြောင်း၊ ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်ခြင်းနှင့် သီးထပ်စွမ်းအားတိုးမြှင့်ခြင်းသည် မူလရှိပြီး အခြေခံအပေါ် တိုးတက်အောင် ဆောင်ရွက်ရခြင်းဖြစ်ပြီး ဖြစ်နိုင်ခြေမြင့်မားသဖြင့် အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊** စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် သွင်းအားစုများ ပြည့်ပြည့်ဝဝရရှိစေရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်မှ တာဝန်ရှိသူများအနေဖြင့် ကြိုးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ **စိုက်ပျိုးရေးလုပ်ငန်းများနှင့် သီးထပ်စွမ်းအားမြှင့်တင်ရေး၌ စိုက်ပျိုးရေရရှိရေးသည် အရေးကြီးသဖြင့် ရေရရှိရေးနည်းလမ်းလေးခုဖြစ်သည့် မိုးကောင်းသောက်ရေ၊ ဆည်ရေ၊ မြစ်ချောင်းရေ၊ မြေအောက်ရေ စသည်တို့ကို ဒေသအလိုက် ပေါင်းစပ်အသုံးပြုရမည်ဖြစ်ကြောင်း၊** စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက GDP တိုးတက်လာပြီး နိုင်ငံ၏ဘဏ္ဍာငွေ တိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ ထုတ်လုပ်လိုက်သည့် ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီအောင် ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး ပြည်ပပို့ကုန်များ မြှင့်တင်နိုင်မည်ဖြစ်ကြောင်း။

GDP တိုးတက်ရေးနှင့်ပတ်သက်၍ သစ်တောထွက်ကုန်တစ်ခုဖြစ်သည့် ဝါးကိုလည်း အဆင့်မြင့်ထုတ်ကုန်များအဖြစ်ထုတ်လုပ်၍ ဆောင်ရွက်နိုင်မည်ဆိုပါက တစ်ဖက်တစ်လမ်းမှ ဝင်ငွေများရရှိမည်ဖြစ်ကြောင်း၊ ပြည်သူများသွားလာမှု အဆင်ပြေစေရေးအတွက် လေယာဉ်ကွင်းများ အဆင့်မြှင့်တင်ခြင်းနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မီးရထားလမ်းများ ပြန်လည်ပြုပြင်ရေးအတွက်လည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ အလားတူ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်၊ ကျဆုံးခဲ့ရသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ သား၊ သမီးများ၊ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်စဉ် အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်၊ ကျဆုံးခဲ့ရသည့် အငြိမ်းစားဝန်ထမ်းများ၏ သား၊ သမီးများ ပညာသင်ကြားခွင့်ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာသင်ကြားနိုင်ရေးတို့အတွက်လည်း ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ တက္ကသိုလ်များနှင့်ပတ်သက်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့ရှိ တက္ကသိုလ်များတွင် ကျောင်းသား ကျောင်းသူများအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများကိုလည်း ဆောင်ရွက်ပေးရန်လိုကြောင်း။

စာမျက်နှာ ၅ သို့ ○

> ☆ နိုင်ငံတော်၏ GDP တိုးတက်လာမည်ဆိုပါက ဘတ်ဂျက်ပိုမိုအသုံးပြု၍ ရနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်မည်
>
> ☆ မြန်မာနိုင်ငံ၏ GDP သည် အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများထက် နည်းပါးလျက်ရှိသည်ကိုတွေ့ရ၍ GDP တိုးတက်လာရေး ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်လို

○ စာမျက်နှာ ၄ မှ

ပဒေသာပင်မြေကြီးမပေါက်နိုင်၊ ပြည်သူနှင့် သက်ဆိုင်သော အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးမည်

သဘာဝဘေးအန္တရာယ်နှင့် လူတို့ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက်လည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ လိုအပ်သည့် ဘတ်ဂျက်ငွေများကိုလည်း ချထားပေးသွားမည်ဖြစ်သဖြင့် ထည့်သွင်းတွက်ချက်ဆောင်ရွက်ရန်လိုကြောင်း။ ဘတ်ဂျက်သုံးစွဲရာ၌ ငွေရှိမှသာ သုံးစွဲနိုင်မည်ဖြစ်သဖြင့် အခွန်အခများ ပြည့်ပြည့်ဝဝရရှိရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများရှိမှသာလျှင် အခွန်အခများလည်း ရရှိမည်ဖြစ်သဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်မှုရှိအောင် စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ၎င်းတို့ကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံငွေနှင့် အခြားလိုအပ်ချက်များရှိပါက နိုင်ငံတော်မှစီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အားသွန်ခွန်စိုက်ဆောင်ရွက်ရန်လိုကြောင်း၊** ယခုဘဏ္ဍာနှစ်နှင့် နောင်လာမည့်ဘဏ္ဍာနှစ်များ၌ ပြည်သူလူထုနှင့် သက်ဆိုင်သော **အများပြည်သူ အသုံးပြုနိုင်သည့် အခြေခံလိုအပ်ချက်များကို နေပြည်တော်ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဖြည့်ဆည်းပေးနိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပဒေသာပင်မြေကြီးမှမပေါက်နိုင်ကြောင်း၊ ကြိုးစားလုပ်ကိုင်ခြင်းဖြင့်သာ ပဒေသာပင်ပေါက်နိုင်သဖြင့် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးအနက်ထား၍ ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း** ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်များအတိုင်း စိုက်ပျိုးမွေးမြူရေးကဏ္ဍကို အခြေခံထားသည့်အတွက် နိုင်ငံ့စီးပွားရေးကို ပြန်လည်ဦးမော့လာအောင် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်သူလူထု၏ စားရေရိက္ခာဖူလုံရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးတို့ကို အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဓိကကုန်ထုတ်လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများတွင် အင်ပြည့်အားပြည့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပြီး ပြည်ပပို့ကုန် တိုးမြှင့်နိုင်ရေး၊ နိုင်ငံ့စီးပွားရေးကို ပုံမှန်လည်ပတ်နိုင်ရေးမှတစ်ဆင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင်ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများအတွက် လက်ရှိလစဉ်ထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး တစ်ဦးလျှင် တစ်လကျပ် ၃၀၀၀၀ အပြင် ထပ်မံပြီး ကျပ် ၃၀၀၀၀ ကို အပိုထောက်ပံ့ကြေးအဖြစ် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစ၍ ထပ်မံတိုးမြှင့်ခံစားခွင့်ပြုခဲ့ကြောင်း၊ ထို့ပြင် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ပြီး လက်ရှိပင်စင်ခံစားနေကြသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအတွက်လည်း အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လ ကျပ် ၃၀၀၀၀ ကို ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစ၍ လစဉ်ခံစားခွင့်ပြုပေးခဲ့ကြောင်း၊ ထိုသို့တိုးပေးခဲ့သည့်အတွက် ထပ်မံလိုအပ်လာသည့် အပိုထောက်ပံ့ကြေးများကိုလည်း ဖြည့်စွက်ခွင့်ပြုငွေခွင့်ပြုပေးခဲ့ကြောင်း။

နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးတွင် လျှပ်စစ်ဓာတ်အားရရှိရေးသည်လည်း အဓိကကျသည့်အတွက် ပြည်သူလူထုကို တည်ငြိမ်သည့် လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်သည့်အခါတွင် ဘဏ္ဍာရေးနှစ်အလိုက် ထုတ်လုပ်မှုစရိတ်များ မြင့်မားလာခဲ့ကြောင်း၊ ထို့ကြောင့်လည်း လျှပ်စစ်ဓာတ်အားခနှုန်းထားများကို တိုးမြှင့်ပြင်ဆင်သတ်မှတ်ပေးခဲ့ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အသုံးစရိတ်များကိုလည်း တိုးမြှင့်လျာထားပေးခဲ့ကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် နောက်ထပ်ခွဲဝေပေးသည့် ဘဏ္ဍာငွေများနှင့် အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်၊ အသုံးစရိတ်များ သုံးစွဲရာတွင်လည်း ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ သုံးစွဲကြရန်၊ လျာထားသည့် ရငွေများကိုလည်း ပြည့်မီရုံသာမက ကျော်လွန်ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများ အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ပေးကြရန်၊ နိုင်ငံ့ဘဏ္ဍာငွေများကို လေလွင့်ဆုံးရှုံးမှုမရှိအောင် ကြပ်မတ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် H.E. Mr. Dusit Manapan ကို လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၇

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် H.E. Mr. Dusit Manapan ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိနိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြင့်တင်ဆောင်ရွက်ရေးအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြပြီး ကဏ္ဍာစုံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကြား ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး စသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပပြီးစီး အုပ်စု(အေ၊ ဘီနှင့် စီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၃၉၆၆ တွဲ ရောင်းချနိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၂၇

၂၀၂၄ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။



ယနေ့တွင် ပြပွဲနဝမနေ့၌ ဖွင့်ဖောက်စစ်ဆေးထားသည့် ပြည်တွင်းရတနာကုန်သည်များသာ ဝယ်ယူခွင့်ရှိသော အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲ အမှတ်(၄၀၆၀)မှ အတွဲအမှတ်(၄၈၀၀)အထိ ကျောက်စိမ်းအတွဲပေါင်း ၇၄၁ တွဲအနက် ကျောက်စိမ်းအတွဲပေါင်း ၇၁၄ တွဲကို ရောင်းချရကြောင်း ကြေညာသည်။

ယခုကျင်းပသည့် ၂၀၂၄ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲပေါင်း ၂၈၀ အနက်မှ ပုလဲအတွဲပေါင်း ၂၀၈ တွဲကိုလည်းကောင်း၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ အနက်မှ ကျောက်မျက်အတွဲပေါင်း ၆၂ တွဲကိုလည်းကောင်း၊ အုပ်စု(အေနှင့် ဘီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၂၅၅၉ တွဲအနက်မှ ကျောက်စိမ်းအတွဲပေါင်း ၁၈၂၃ တွဲကိုလည်းကောင်း၊ အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲပေါင်း ၂၂၄၁ တွဲအနက်မှ ကျောက်စိမ်းအတွဲပေါင်း ၂၁၄၃ တွဲကိုလည်းကောင်း ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးနိုင်ခဲ့သည်။

၂၀၂၄ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်၊ နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိစေရန်၊ စစ်ကိုင်းမြို့နှင့် မန္တလေးမြို့တို့ရှိ ကျောက်စိမ်းအချောထည်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော MSME လုပ်ငန်းများအတွက် ကုန်ကြမ်းရရှိစေရန် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၏ စီစဉ်မှုဖြင့် နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

➤ စာမျက်နှာ ၂၄ မှ

ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ပိုမိုအားကောင်းလာနိုင်က ထိုမှတစ်ဆင့်နောက်နှစ်ရက်အတွင်း သီရိလင်္ကာနိုင်ငံကမ်းခြေအနီးမှ ဖြတ်ကျော်ပြီး အိန္ဒိယနိုင်ငံတမီးလ်နာဒူးကမ်းခြေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသော မုန်တိုင်းငယ်၏အရှိန်ကြောင့် နိုဝင်ဘာ ၂၈ ရက်မှ ၃၀ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်သည်။

မိုး/ဧလေ

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် (၆)ကြိမ်မြောက် အက်မက်စ် ခရီးသွားလုပ်ငန်း အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများ၏ ဖွင့်ပွဲအခမ်းအနားနှင့် ကြိုဆိုညစာစားပွဲအခမ်းအနားများသို့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၇**

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်းဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ ပါဝင်သည့် စီအယ်လ်အမ်ဗွီ (CLMV)နှင့် အက်မက်စ် (ACMECS) ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကို နှစ်နှစ်လျှင် တစ်ကြိမ် အဖွဲ့ဝင်နိုင်ငံများက အလှည့်ကျအိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ (CLMV) ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ (၆) ကြိမ်မြောက် အက်မက်စ် (ACMECS) ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတို့ကို နိုဝင်ဘာ ၂၇ ရက်မှ ၂၉ ရက်ထိ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည်။




အဆိုပါအခမ်းအနားသို့ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်း အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ ပါဝင်တက်ရောက်ကြသည်။

ဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဒေသတွင်းခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အရှိန်အဟုန်မြှင့်တင်၍ အားလုံးပိုင်းဝန်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မိမိတို့အဖွဲ့ဝင်နိုင်ငံများရှိအစိုးရပုဂ္ဂလိကကဏ္ဍများအကြား ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်မှသာ စီအယ်လ်အမ်ဗွီ (CLMV)နှင့် အက်မက်စ် (ACMECS) ဒေသတွင်း ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ခေတ်ကာလနှင့် လိုက်လျောညီထွေရှိသော နည်းပညာရပ်များကို အသုံးပြုပြီး ဒေသတွင်းခရီးသွားလုပ်ငန်းအဆင့်မှ ကမ္ဘာ့အဆင့်သို့ရောက်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် ကမ္ဘာ့ခရီးသွားလုပ်ငန်း၏ ဖြစ်ပေါ်ပြောင်းလဲလာမှုများနှင့် ဒေသတွင်းသို့ ခရီးသွားများ ပိုမိုလာရောက်စေရေးအတွက် ဗီဇာဖြေလျှော့မှု အစီအစဉ်များ၊ ချိတ်ဆက်သွားလာနိုင်ရေးအစီအစဉ်များ၊ ညီအစ်မမြို့တော်ကဲ့သို့မိတ်ဖက်ဆောင်ရွက်မှုအစီအစဉ်နှင့် လေးနိုင်ငံခရီးစဉ်တစ်ခု၊ ငါးနိုင်ငံခရီးစဉ်ဒေသတစ်ခုစသည့်အစီအစဉ်များကို တိုးချဲ့အကောင်အထည် ဖော်ခြင်းဖြင့် ဒေသတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အစည်းအဝေးသို့ တက်ရောက်လာသော အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ၊ အဖွဲ့ဝင်များနှင့် အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ခရီးသွားလုပ်ငန်း အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကိုကျင်းပရာ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးမောင်မောင်ကျော်က အစည်းအဝေးဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး စီအယ်လ်အမ်ဗွီဒေသတွင်းခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းအစီအစဉ် ၂၀၂၃-၂၀၂၅ အရ အဖွဲ့ဝင်နိုင်ငံအလိုက် ဒေသတွင်း ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အင်းယားလိတ်ဟိုတယ်ဝင်းအတွင်းရှိ Yangon Convention Center ၌ ကျင်းပလျက်ရှိသော မြန်မာ-ဗီယက်နမ်ကုန်စည်ပြပွဲ ၂၀၂၄ သို့ သွားရောက်ကာ မြန်မာနိုင်ငံက ခင်းကျင်းပြသထားသောပြခန်းများ၊ ဗီယက်နမ်နိုင်ငံမှ ခင်းကျင်းပြသထားသော ပြခန်းများ၊ MSME ပြခန်းများ၊ အဝတ်အထည်နှင့် အစားအစာပြခန်းများ၊ လျှပ်စစ်အိမ်သုံးပစ္စည်းပြခန်းများ၊ လေကြောင်းလိုင်းပြခန်းများ၊ ဟိုတယ်နှင့်ခရီးသွားအသင်းအဖွဲ့များက ခင်းကျင်းပြသထားသောပြခန်းများကိုလှည့်လည်ကြည့်ရှုသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ခရီးသွားလုပ်ငန်း ဝန်ကြီးများ အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၊ (၆)ကြိမ်မြောက် အက်မက်စ် ခရီးသွားလုပ်ငန်း ဝန်ကြီးများ အစည်းအဝေးနှင့် အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးများသို့ တက်ရောက်လာသည့် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များကို မြန်မာနိုင်ငံမှ ကြိုဆိုဧည့်ခံသည့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေးအတွက် ရေကန်များတူးဖော်မှု ရှေးဟောင်းကန် ၄၅ ကန် ပြီးစီး

**မန္တလေး နိုဝင်ဘာ ၂၇**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းမှ ရှေးဟောင်းအမွေအနှစ်နေရာများတွင် ရေစီးရေလာကောင်းမွန်ပြီး ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးအတွက် ရှေးဟောင်းရေကန်များ တူးဖော်ပြင်ဆင်လျက်ရှိရာ ရှေးဟောင်းရေကန် ၄၅ ကန်မှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

ရှေးဟောင်းရေကန်ပေါင်း ၉၁ ကန်ကို ပြန်လည်တူးဖော်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ရာ နိုဝင်ဘာတတိယပတ်အထိ ရေကန်ပေါင်း ၄၅ ကန် တူးဖော်ပြုပြင်ပြီးစီးပြီဖြစ်ကြောင်း ပုဂံရှေးဟောင်းယဉ်ကျေးမှုဌာနခွဲမှ တာဝန်ရှိသူက ပြောသည်။

"၄၅ ကန်က ရာနှုန်းပြည့် ပြီးစီးသွားပါပြီ။လက်ရှိဆောင်ရွက်ဆဲက ကန် ၅ ကန်ပါ။ ဆက်လက်တူးဖော်ဖို့က ၃၄ ကန် ရှိတယ်။ ရေကန်တွေတူးဖော်ပြင်ဆင်တဲ့အခါ အလှူရှင်တွေက ရေကန်တစ်ကန်ခြင်းစီ လှူဒါန်းကြသူတွေလည်း ရှိတယ်။ အလှူရှင်တွေကို ဂုဏ်ပြုလွှာတွေ ချီးမြှင့်ပေးခဲ့တယ်"ဟု ၎င်းက ပြောသည်။

ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၏ အကြံပြုချက်များဖြင့် ယူနက်စကိုမှ ချမှတ်သည့် အမွေအနှစ် ထိန်းသိမ်းရေး စည်းကမ်းများဖြင့် ရှေးဟောင်းအမွေအနှစ်ရေကန်တွေကို တူးဖော်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဦးစားပေး အဆင့်အလိုက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပထမအဆင့်တွင် ၄၆ ကန်၊ ဒုတိယအဆင့်တွင် ၄၅ ကန် သတ်မှတ်ထားပြီး အလှူရှင်များ လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**(အောက်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၉)**



## အောင်လံမြို့၌ မြို့မဈေးသန့်ရှင်းသာယာရေးအတွက် စည်ပင်သာယာရေးအဖွဲ့မှ ရေနုတ်မြောင်းရှိ အညစ်အကြေးများ ဆယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်

**အောင်လံ နိုဝင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ မြို့မဈေးသန့်ရှင်းသာယာရေးအတွက် ဈေးအတွင်း ဈေးဆိုင်များမှ ထွက်ရှိလာသော အမှိုက်များကို အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အလှည့်ကျ သိမ်းဆည်းဆောင်ရွက်ပေးခဲ့ပြီး နိုဝင်ဘာ ၂၅ ရက်က ဈေးအတွင်း ရေနုတ်မြောင်းများအား ကြည့်ရှုခဲ့သည်။

ထို့သို့ ဆောင်ရွက်ရာတွင် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် သား၊ငါးတန်း ရေနုတ်မြောင်းများ ရှင်းလင်းခြင်း၊ ဈေးအတွင်းရှိ ရေမြောင်းများတွင် ပိတ်ဆို့နေသော အမှိုက်များ၊ ရေမြောင်းအတွင်းမှ ရွှံ့၊ နုန်းများ၊ အညစ်အကြေးများအား ဆယ်ယူရှင်းလင်းခြင်း လုပ်ငန်းများကို အောင်လံမြို့ မြို့မဈေးအတွင်း၊အပြင်၌ ဆောင်ရွက်နေမှုများကို အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် အင်ဂျင်နီယာမှူးတို့က စစ်ဆေးကြည့်ရှုခဲ့ပြီး အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မှ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**အာကာ(ပြန်/ဆက်)**

## နှမ်းစပါး၊ မိုးစပါးများ စိုက်ပျိုးမည်

**ရေနံချောင်း နိုဝင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်တွင် ယခုနှစ်မိုးရာသီတွင် မိုးစပါးနှင့် နွေရာသီ၌ နွေစပါးကိုလည်းကောင်း စိုက်ပျိုးကြသည်။

၂၀၂၄-၂၀၂၅ ခုနှစ် မိုးရာသီတွင် စပါးကို ၃၄၅ ဧက လျာထားပြီး စိုက်ပျိုးခဲ့ရာ ၎င်းအနက်မှ စပါး ၃၄၉ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

တောင်သူများ ဝမ်းစာဖူလုံပြီး ပိုလျှံသောစပါးကိုဆန်အဖြစ် ဈေးကွက်သို့ရောင်းချနိုင်ရန် နှစ်စဉ်မိုးနှင့် နွေရာသီ၌ စိုက်ပျိုးကြသည်။

ထို့ပြင် ရေနံချောင်းမြို့နယ်၌ နွေရာသီ၌ နွေစပါးကိုလည်း ၄၈၄ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း အဆိုပါဌာနက သိရသည်။



ယခုနှစ် စိုက်ပျိုးရာသီ၌ မိုးစပါး၊ နွေစပါး စုစုပေါင်း ၈၂၉ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

**(၄၇၂)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များရေးဆွဲတင်ပြရေးနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်

**မန္တလေး နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များရေးဆွဲတင်ပြရေးနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာန ၁၉ ခုမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မန္တလေးတိုင်းဒေသကြီး စီမံကိန်းကော်မရှင်၏လုပ်ငန်းတာဝန်များကို အထောက်အကူပြုရန်နှင့် အဆင့်ဆင့်ဆောင်ရွက်လျက်ရှိသော စီမံကိန်းရေးဆွဲမှုနှင့် အကောင်အထည်ဖော်မှုတို့ကို ကြီးကြပ်နိုင်ရန် တိုင်းဒေသကြီး စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ တင်ပြတောင်းခံမှုနှင့် မြေပြင်အခြေအနေတွင် အမှန်တကယ် ကိုက်ညီမှုရှိရန်လိုအပ်ပြီး နိုင်ငံအကျိုး၊ ဒေသအကျိုး၊ ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုသည့် စီမံကိန်းများဖြစ်ရန်နှင့် လုပ်ငန်းများအပေါ် တာဝန်ခံမှု တာဝန်ယူမှု အပြည့်အဝရှိရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေများကို မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ သုံးစွဲသွားရမည်ဖြစ်ပြီး လေလွင့်မှုမရှိစေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အခွန်အကောက်များ အပြည့်အဝကောက်ခံရရှိရေးတို့ကိုလည်း အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ငှင်းနောက် တိုင်းဒေသကြီး စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ တိုင်းဒေသကြီးစီမံကိန်းရေးဆွဲရေး ဦးစီးမှူး ဦးဝင်းမြင့်တို့က ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ ရေးဆွဲတင်ပြရေးနှင့်ပတ်သက်၍ နိုင်ငံတော်၏မူဝါဒများ၊ လမ်းညွှန်ချက်များ၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်စေရေး၊ ကိန်းဂဏန်းစာရင်းဇယားများ မှန်ကန်တိကျရေး၊ သတ်မှတ်ကာလအတွင်း တင်ပြသွားရေး တို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသည့် ဌာန ၁၉ ခုမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အထွေထွေဆွေးနွေးတင်ပြမှုများနှင့် ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**(မန္တလေးနေ့စဉ်)**

## မိတ္ထီလာမြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးမှု ပိုမိုကောင်းမွန်စေရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်လျက်ရှိ



**မိတ္ထီလာ နိုဝင်ဘာ ၂၇**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၊ မိတ္ထီလာမြို့နယ် လျှပ်စစ်ရုံးမှ မြို့ပေါ်ရပ်ကွက်များ အတွင်းရှိ ဓာတ်အားဖြန့်ဖြူးမှု ပိုမိုကောင်းမွန်စေရန်နှင့် လျှပ်စစ် အန္တရာယ်ကင်းရှင်းရေး ယမန်နေ့က ဆောင်ရွက်ခဲ့ကြောင်း မြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။

မန္တလေးလျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်း မိတ္ထီလာ မြို့နယ်လျှပ်စစ်ရုံးမှ မြို့နယ် အတွင်းရှိ ဓာတ်အားသုံးစွဲသူများ ဓာတ်အားပိုမိုကောင်းမွန်စေရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အတွက် မြို့နယ်လျှပ်စစ်အင်ဂျင် နီယာနှင့် အဖွဲ့မှ 11 KV ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဓာတ်အားလိုင်းအား ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများအား ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ငှင်းအပြင် မိတ္ထီလာမြို့ပေါ် ရပ်ကွက်များအတွင်းရှိ အများပြည်သူများအား ဓာတ်အားဖြန့်ဖြူးထားသော ဌာနပိုင် ထရန်စဖော်မာများ ရေရှည်အသုံးပြုနိုင်ရန်နှင့် ဗို့အား ပြည့်မီစွာ အသုံးပြုနိုင်ရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

(၄၆၉)

## Chinland အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

Myanmar National League II 2024 အမှတ်ပေးဘောလုံးပြိုင်ပွဲ(Week-14)ပွဲစဉ် တစ်ပွဲအဖြစ် နိုဝင်ဘာ ၂၇ ရက် ညနေက တက္ကသိုလ်ကွင်းတွင် Chinland အသင်းနှင့် ရွှေပြည်သာ ယူနိုက်တက်တို့ ကစားခဲ့ကြပြီး Chinland အသင်းက သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ Chinland အသင်းအတွက် ဂိုးများကို ပွဲချိန် ၃ မိနစ်တွင် ဟိန်းသက်ဖြိုး၊ ပွဲချိန် ၄၅+၁၊ ၈၅ မိနစ်များတွင် လှဘုန်းဦးတို့က သွင်းယူပေးခဲ့ကြသည်။ Chinland အသင်းသည် ယနေ့ နိုင်ပွဲကြောင့် ရမှတ် ၃၂ မှတ်ဖြင့် အဆင့် ၁ သို့ ယာယီတက်လှမ်းခဲ့သည်။ နိုဝင်ဘာ ၂၈ ရက်၊ သုဝဏ္ဏကွင်းတွင် ရာမညယူနိုက်တက်အသင်းနှင့် University အသင်းတို့ ကစားကြမည်ဖြစ်ပြီး ရာမညယူနိုက်တက်အသင်းသည် နောက်ဆုံးပွဲမကစားမီ ရမှတ် ၃၀ မှတ်ရရှိထားပြီး University အသင်းသည် ရမှတ် ၂၇ မှတ် ရရှိထားသည်။ **(NGB)**



## ကျေးရွာကုန်ထုတ်လမ်း ပြုပြင်ထိန်းသိမ်းပြီးစီးမှုအား တာဝန်ရှိသူများ စစ်ဆေး

**စဉ့်ကိုင် နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသည့် အုန်းလက်ကောက်ကျေးရွာ ကုန်ထုတ်လမ်း ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦး၊ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများနှင့်အတူ စဉ့်ကိုင်မြို့နယ် အုန်းလက်ကောက်ကျေးရွာ၌ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့သည့် ကုန်ထုတ်လမ်းအရှည်ပေ ၄၁၀ အား သွားလာရေး အဆင်ပြေစေရန် ဂျင်းမြေသားဖို့၍ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အုန်းလက်ကောက်ကျေးရွာ ကုန်ထုတ်လမ်းမှာ အရှည် (၁)မိုင် ၃ ဒသမ ၂၆ ဖာလုံ၊ လမ်းကျယ် ၁၄ ပေ၊ လမ်းအမြင့်ထု ၂ ပေ ၉ လက်မနှင့် တံတားတစ်စင်းတို့ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် မြစ်ဇရာကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ် စက်တင်ဘာလတွင်ဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်ကြောင့် ရေကြီးနစ်မြုပ်၍ ပျက်စီးခဲ့သဖြင့် စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောက်တိုဘာ ၂၀ ရက်က ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ဒေသခံတောင်သူများအတွက် လယ်ယာကုန်ထုတ်လုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်လုပ်ကိုင်နိုင်ပြီဖြစ်ကြောင်း သိရသည်။ (၄၄၅)

## နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေး စစ်ဆေးပေးပြီး ဆေးကုသမှုများ ဆောင်ရွက်ပေး

**သရက် နိုဝင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်းရှိ ခရိုင်ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါ၊ နှလုံးရောဂါများအား အခမဲ့စစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အငြိမ်းစား ဝန်ထမ်းများအား အခမဲ့ စစ်ဆေးပေးလျက်ရှိပြီး ယနေ့ နံနက် ၉ နာရီက ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျန်းမာရေးစစ်ဆေးရန် လာရောက်သည့် ဝန်ထမ်းအငြိမ်းစားများအား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ကြီးကြပ်မှုဖြင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးချို၊ ဆီးချိုရောဂါစစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးဝါးများကို အခမဲ့စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စော်ထက်(သရက်)**

၀-၀-၀-၀-၀

➤ စာမျက်နှာ ၂၄ မှ

စပိန်လက်ရွေးစင်အသင်းနှင့်လည်း ၂၀၂၃ မှ ၂၀၂၄ ခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲ ၁၇ ပွဲကစားကာ ၃ ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့သလို ဆုဖလားများလည်း ရယူပေးနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၁၇)နှစ်အရွယ်ရှိ ယာမားလ်က "ကျွန်တော်အခုလို ၂၀၂၄ Golden boy အကောင်းဆုံးလူငယ်ကစားသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိဝမ်းသာပျော်ရွှင်မိပါတယ်။ အခုလို ဆုရခဲ့တာကလည်း အသင်းဖော်တွေရဲ့ ပံ့ပိုးကူညီမှုကြောင့်ပါ၊ နောက်ထပ်လည်း ယခုလို ဆုတွေ ဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟုပြောသည်။

**NGB**

## ဘီဝိုင်ဒီကုမ္ပဏီထုတ် လျှပ်စစ်ကားများကို နောက်နှစ်တွင် ဈေးလျှော့ရောင်းပေးမည်

**ပေကျင်း နိုဝင်ဘာ ၂၇**

တရုတ်အခြေစိုက် ဘီဝိုင်ဒီကုမ္ပဏီထုတ် လျှပ်စစ်ကားများကို နောက်နှစ်တွင် ၁၀ ရာခိုင်နှုန်းအထိ ဈေးလျှော့ရောင်းပေးမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အစင်းရေများများ မှာယူသောဝယ်လက်များကို ထိုသို့ ဈေးလျှော့ပြီး ရောင်းပေးရန် စီစဉ်ထားခြင်းဖြစ်ကြောင်း ကုန်အမှတ်တံဆိပ်နှင့်လူထုဆက်ဆံရေးဌာန အထွေထွေမန်နေဂျာ လီယွန်ဖေးက ၎င်း၏ ဝေ့ပိုလူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရေးသားအသိပေးခဲ့ခြင်းဖြစ်သည်။

ထိုအရောင်းမြှင့်တင်မှုကို နောက်နှစ် ဇန်နဝါရီ ၁ ရက်မှ စတင်သွားမည်ဖြစ်ကြောင်း သိရသည်။

**Mon**



## အစ္စရေးနှင့် ဟစ်ဇဘိုလာ ယာယီအပစ်အခတ်ရပ်စဲမှု စတင် သက်ဆိုင်ရာတပ်ဖွဲ့များ ရုပ်သိမ်းရွှေ့ပြောင်းလျက်ရှိ

**ဂျေရုဆလင် နိုဝင်ဘာ ၂၇**

အစ္စရေးနှင့်ဟစ်ဇဘိုလာ ယာယီအပစ်အခတ်ရပ်စဲမှု နိုဝင်ဘာ ၂၇ ရက်တွင် စတင်ပြီဖြစ်ရာ သက်ဆိုင်ရာတပ်ဖွဲ့များ ရုပ်သိမ်းရွှေ့ပြောင်းလျက်ရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အစ္စရေးတပ်ဖွဲ့များနှင့် လက်ဘနွန်အခြေစိုက် ဟစ်ဇဘိုလာပြောက်ကျားများအကြား ၁၄ လကြာ အပြန်အလှန်ပစ်ခတ်တိုက်ခိုက်နေခဲ့ကြရာမှ ရုတ်တရက် အပစ်အခတ်ရပ်စဲလိုက်သဖြင့် လက်ဘနွန်နှင့်အစ္စရေး နှစ်နိုင်ငံမှ ငြိမ်းချမ်းရေးလိုလားသူများက ကြိုဆိုထောက်ခံခဲ့ကြသည်။

အမေရိကန်အထူးသံတမန်၏ ကြားဝင်စေ့စပ်ညှိနှိုင်းမှု အစ္စရေးနှင့် ဟစ်ဇဘိုလာတို့ဘက်က ပူးပေါင်းပါဝင်မှုတို့ကြောင့် ထိုယာယီအပစ်အခတ်ရပ်စဲမှု အကောင်အထည်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အစ္စရေးတပ်ဖွဲ့များ လက်ဘနွန်နယ်နိမိတ်ထဲမှ မရုပ်သိမ်းမီ ဒေသခံများ အိမ်ပြင်မထွက်ဘဲ နေပေးကြရန် အစ္စရေးဘက်က ကြိုတင်သတိပေးခဲ့သည်။

ဟစ်ဇဘိုလာပြောက်ကျားများနှင့် လက်ဘနွန်တပ်ဖွဲ့များလည်း တစ်ဖက်နှင့်တစ်ဖက် ရွှေ့ပြောင်းနေကြောင်း သိရသည်။

**Mon**

0-0-0-0-0

## ကမ္ဘာ့အသက်အကြီးဆုံးအမျိုးသား ဂျွန်အဲလ်ဖရက်တင်နစ်ဝုဒ် အသက် ၁၁၂ နှစ်အရွယ်တွင် ဗြိတိန်နိုင်ငံ၌ ကွယ်လွန်



**လန်ဒန် နိုဝင်ဘာ ၂၇**

ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသား လီဗာပူးလ်ဘောလုံးအသင်း၏ ရာသက်ပန်ပရိသတ် ဂျွန်အဲလ်ဖရက်တင်နစ်ဝုဒ် အသက် ၁၁၂ နှစ်အရွယ်တွင် ဗြိတိန်နိုင်ငံ ဆောက်သ်ပို့သ်ကြီးစောင့်ရှောက်ရေးဂေဟာ၌ နိုဝင်ဘာ ၂၅ ရက်က ကွယ်လွန်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဂျူယန်ဗီစင်တေပေရက်ဇ်မိုရာ အသက် ၁၁၄ နှစ်တွင် ကွယ်လွန်ခဲ့ပြီးနောက် တင်နစ်ဝုဒ်ကို ကမ္ဘာ့အသက်အကြီးဆုံး လူသားအဖြစ် ဂင်းနစ်ကမ္ဘာ့စံချိန်အဖွဲ့က မှတ်တမ်းတင်ခဲ့သည်။

တိုက်တန်းနစ်သင်္ဘောကြီး နစ်မြုပ်သော ၁၉၁၂ ခုနှစ်တွင် မွေးဖွားခဲ့သည့် တင်နစ်ဝုဒ်သည် ၂၀၂၀ ပြည့်နှစ်ကတည်းက ဗြိတိန်နိုင်ငံ၏ အသက်အကြီးဆုံး အမျိုးသား ဖြစ်လာခဲ့သည်။

၂၀၁၂ ခုနှစ်တွင် ၎င်း၏ အသက် ၁၀၀ ပြည့်ခဲ့ပြီးနောက် ပိုင်း ကွယ်လွန်သူ ဒုတိယမြောက် အယ်လီဇဘက်ဘုရင်မကြီးက ၎င်း၏မွေးနေ့၌ နှစ်စဉ် မွေးနေ့ဆုတောင်းကတ် ပို့ပေးခဲ့ဖူးသည်။

၎င်းကွယ်လွန်ပြီးနောက် လက်ရှိကမ္ဘာပေါ်တွင် အသက်အကြီးဆုံးလူသားမှာ တောမိကောအိတ္တူးကဟု အမည်ရသည့် အသက် ၁၁၆ နှစ်အရွယ် ဂျပန်အမျိုးသမီးဖြစ်ကြောင်း သိရသည်။

**Mon**



## အမေရိကန် အာမခံစာချုပ်ဥပဒေဖောက်ဖျက်သည်ဟု အိန္ဒိယသန်းကြွယ်သူဌေး ဂါအူတမ်အဒါနီ စွပ်စွဲခံရပြန်

**ဒေလီ နိုဝင်ဘာ ၂၇**

အမေရိကန် အာမခံစာချုပ်ဥပဒေဖောက်ဖျက်သည်ဟု အိန္ဒိယသန်းကြွယ်သူဌေး ဂါအူတမ်အဒါနီ ထပ်မံစွပ်စွဲခံရသည်ဟု အဒါနီဂရင်းစွမ်းအင်ကုမ္ပဏီက နိုဝင်ဘာ ၂၇ ရက်တွင် ထုတ်ပြန်ကြေညာကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အမေရိကန်ဒေါ်လာ ၂၆၅ သန်း လာဘ်ပေးမှု ကျူးလွန်ခဲ့သည်ဟု ယခင်အပတ်က စွဲဆိုခံခဲ့ရပြီးနောက် ယင်းထပ်မံစွပ်စွဲမှု ထွက်ပေါ်လာခြင်းဖြစ်သည်။

ထိုစွပ်စွဲမှုကို ပြစ်မှုထင်ရှားစီရင်လျှင် နိုင်ငံခြားအကျင့်ပျက်ခြစားမှုဥပဒေနှင့် ငြိစွန်းမည်မဟုတ်ဘဲ ဒဏ်ငွေပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

**Mon**




## လူငယ်များ အရက်အဆိပ်သင့်သေဆုံးမှုနှင့်ဆက်နွှယ်၍ အဆောင်ဝန်ထမ်း ၈ ဦးကို လာအိုစုံထောက်များ ဖမ်းဆီး

**ဗီယင်ကျန်း နိုဝင်ဘာ ၂၇**

နိုင်ငံခြားသား လူငယ်များ အရက်အဆိပ်သင့်သေဆုံးမှုနှင့် ဆက်နွှယ်၍ လာအိုနိုင်ငံ ဗန်ဗီယင်းမြို့ရှိ နာနာကျောပိုးအိတ်အဆောင်မှ ဝန်ထမ်း ၈ ဦးကို လာအိုစုံထောက်များက နိုဝင်ဘာ ၂၆ ရက်တွင် ဖမ်းဆီးလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဖမ်းခံရသူများမှာ အသက် ၃၄ နှစ်အရွယ် မန်နေဂျာနှင့် ဝန်ထမ်း ခုနစ်ဦးဖြစ်ပြီး ၎င်းတို့အားလုံးမှာ ဗီယက်နမ်နိုင်ငံသားများဖြစ်ကြောင်း လာအိုရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

နိုဝင်ဘာ ၁၂ ရက် ညပိုင်းက လာအိုနိုင်ငံ ဗန်ဗီယင်းနယ်စပ်မြို့စားသောက်ဆိုင်တန်းသို့ သွားရောက်ကာ အရက်သေစာသောက်စားခဲ့သူများအနက်မှ ဒိန်းမတ်နိုင်ငံသား ၂ ဦး၊ အမေရိကန်နိုင်ငံသား ၁ ဦး၊ ဗြိတိန်နိုင်ငံသား ၁ ဦးနှင့် ဩစတြေးလျနိုင်ငံသား ၂ ဦး အရက်အဆိပ်သင့်သေဆုံးခဲ့သည်။

ယင်းသေဆုံးမှုနှင့်ပတ်သက်၍ လာအိုရဲတပ်ဖွဲ့က အမှုမှန်ပေါ်ပေါက်အောင် စုံစမ်းဖော်ထုတ်ရန် ကြိုးစားရာမှ အဆောင်ဝန်ထမ်းများကို သံသယရှိသူများအဖြစ် ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

၎င်းတို့ကို စစ်ဆေးမေးမြန်းနေဆဲဖြစ်ပြီး အခြားဆက်နွှယ်ပတ်သက်သူများကိုလည်း လာအိုရဲစုံထောက်များ ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာကို လုပ်ကြံသတ်ဖြတ်ရန် ကြံစည်အားထုတ်နေခြင်း မရှိဟု နိုဝင်ဘာ ၂၆ ရက်က သတင်းထောက်များကို ဖိလစ်ပိုင်ဒုတိယသမ္မတ ဆာရာဒူတာတေပြောကြားစဉ်။

**Mon**



## ပင်လယ်ပုံပြင်အပျော်စီးသင်္ဘောနစ်မြုပ်ပြီးနောက် လူ ၅ ဦးကို ထပ်မံကယ်ဆယ်နိုင်၊ ၇ ဦးကို ရှာဖွေနေဆဲ

**ကိုင်ရို နိုဝင်ဘာ ၂၇**

ပင်လယ်နီရေပိုင်နက်အတွင်း ပင်လယ်ပုံပြင်အပျော်စီးသင်္ဘော နစ်မြုပ်မှုဖြစ်ပွားပြီးနောက် အီဂျစ်ရေတပ်ကယ်ဆယ်ရေးအဖွဲ့က လူ ၅ ဦးကို ထပ်မံကယ်ဆယ်နိုင်ခဲ့ပြီး ကျန် ၇ ဦးကို ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အထပ်လေးထပ်ပါသော ပင်လယ်ပုံပြင်အပျော်စီးသင်္ဘောပေါ်တွင် လူပေါင်း ၄၄ ဦး စီးနင်းလိုက်ပါလာခဲ့ပြီး နစ်မြုပ်မှု၌ ၄ ဦး သေဆုံးကာ ၃၃ ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီးဖြစ်သည်။

၁၄၄ ပေရှည်သော ထိုသင်္ဘောပေါ်တွင် စီးနင်းလိုက်ပါလာသော ခရီးသည်အများစုသည် ညပိုင်း၌ လေပြင်းမုန်တိုင်းမိစဉ် ဇိမ်ခံအိပ်ခန်းအသီးသီးထဲတွင် အိပ်ပျော်ခဲ့ကြရာမှ နစ်မြုပ်သွားသော သင်္ဘောအတွင်း ပိတ်မိနေခဲ့ခြင်းဖြစ်သည်။

နောက်ဆုံးကယ်ဆယ်ခံရသူများ၏အမည်နှင့် နိုင်ငံသားကို သက်ဆိုင်ရာက စိစစ်နေဆဲဖြစ်ကြောင်း သိရသည်။

**Mon**



STOP AIDS

## မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအကြောင်းနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအကြောင်း အသိပညာပေးဟောပြောပွဲ ကျင်းပ

**တံတားဦး နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့ မြို့မရဲစခန်းနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအကြောင်းနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အကြောင်းတို့ကို ယမန်နေ့ နံနက် ၉နာရီက တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ရတနာထွန်းခန်းမတွင် ကျင်းပသည် ။

အခမ်းအနားတွင် တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးကိုကိုမောင်က အမှာစကားပြောကြားပြီး တံတားဦးမြို့မ ရဲစခန်း စခန်းမှူး ဒုရဲအုပ်ဟန်ထွန်းအောင်က မူးယစ်ဆေးဝါးအန္တရာယ် တားဆီး ကာကွယ်ရေးအကြောင်း အသိပညာပေးဟောပြောရာတွင် ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် မူးယစ်ဆေးဝါးအစ ဆေးလိပ်က ဆိုသည့်အတိုင်း ဆေးလိပ်သောက်ခြင်းကို မပြုလုပ်ကြရန်၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများဖြစ်သော စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု၊ ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုများ၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးအန္တရာယ်၊ ဆေးခြောက်အန္တရာယ်၊ စိတ်ကြွရူးသွပ်ဆေးပြားအန္တရာယ်နှင့် လူငယ်များမူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး ရှောင်ရှားနိုင်ရန်နှင့် လူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် မကျရောက်နိုင်ရန်အတွက် ရှောင်ရှားနိုင်ရေးအကြောင်းနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အကြောင်းတို့ကို ပရိုဂျက်တာပြသ၍ အကျယ်တဝင့်ရှင်းလင်း ဆွေးနွေးဟောပြောကြရာ အသိပညာပေး ဆွေးနွေးဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မိမိတို့ သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ မြို့မရဲစခန်းမှူးနှင့် တာဝန်ရှိသူများက အသီးသီးပြန်လည်ဖြေရှင်းပေးသည်။



ထို့နောက် အသိပညာပေး ဆွေးနွေးဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများအား တံတားဦးမြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအကြောင်းနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အကြောင်း အသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးကြသည်။ အဆိုပါ အခမ်းအနားသို့ တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ စုစုပေါင်းအင်အား ၂၂၀ဦး တက်ရောက်ကြကြောင်း သိရသည်။

(ဓါတ်ပုံ)

**ဦးရဲတင့်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀



## သောက်ရေသန့်စက်ရုံ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**မန္တလေး နိုဝင်ဘာ ၂၇**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ရှိ TRITONသောက်ရေသန့်စက်ရုံတွင် နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက အောင်မြေသာစံမြို့နယ်၊ မီးသတ်ဦးစီးမှူးရုံးမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက်နှင့်သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ကြီးရန်လုံရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမိုးသန်းဦးနှင့်ရာအိမ်မှူးများ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့၊ တပ်ခွဲ(၂)မှ ဒုတိယတပ်ခွဲမှူး ခင်မောင်ရင်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့်သောက်ရေသန့်စက်ရုံ တာဝန်ခံ ဦးထိုက်အောင်လင်းနှင့် စက်ရုံဝန်ထမ်းများအား မီးသတ်ဆေးဘူးများဖြင့် လက်တွေ့သရုပ်ပြငြိမ်းသတ်စေခြင်း၊ စက်ရုံအတွင်း မီးဘေးလုံခြုံရေးအတွက် စစ်ဆေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

(အပေါ်ပုံ)(၀၇၀)

## စက်သုံးဆီအရောင်းဆိုင်သို့ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်



**မြစ်သား နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ကူမဲမြို့တွင် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက မြစ်သားမြို့နယ်၊ ကူမဲမြို့ရှိ Ok Oil Shop စက်သုံးဆီအရောင်းဆိုင်သို့ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြစ်သားမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်မင်းကျော်နှင့်ဝန်ထမ်းများက ကူမဲမြို့ရှိ Ok Oil Shop စက်သုံးဆီအရောင်းဆိုင်၌ မီးလန့်မှုနှင့် မီးလောင်မှုများ မဖြစ်ပွားစေရေး၊ မီးဘေးသတိရှိရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီး၊ ရေနှင့် မီးသတ်ဆေးဘူးများ အဆင့်ဆင့်ထားရှိမှုနှင့်မီးသတ်ဆေးဘူးများစနစ်တကျ ပြင်ဆင်ထားရှိပြီးလေပေါင်ရှိ၊ မရှိတို့ကို စစ်ဆေးကာ မီးဘေးလုံခြုံရေးဆိုင်ရာတို့ကို အသိပညာပေးလိုက်လံစစ်ဆေးဆောင်ရွက်ပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ဝင်းမင်းထွန်း(မြစ်သား)**

၀-၀-၀-၀-၀-၀-၀-၀

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များနှင့် ဆိုင်ကယ်များ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၂၂ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သရက်ခရိုင်၊ အောင်လံမြို့နယ်၌ လိုင်စင်မဲ့ဆိုင်ကယ်နှစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၂ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးကိုလည်းကောင်း၊ နိုဝင်ဘာ ၂၅ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသောယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီးနှင့် Yutong Bus တစ်စီးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan Wingroad ယာဉ်တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီးကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၄ ဒသမ ၉၁၈ တန်၊ သစ်မာ သုည ဒသမ ၇၀၃ တန်၊ အခြားသစ် သုည ဒသမ ၃၁၇ တန်ကို သစ်တောဥပဒေအရ သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



အားကစား
မြင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင် မူးယစ်ဆေး။

## ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ငွေစက္ကူအတုများ ဝယ်ယူရရှိနိုင်ကြောင်း ယုံကြည်အောင်ပြောဆို၍ ငွေစက္ကူအတု ဝယ်ယူလိုသူများထံမှ ငွေကြေးလိမ်လည်ရယူခဲ့သူအား ဖော်ထုတ်ဖမ်းဆီး

နေပြည်တော် နိုဝင်ဘာ ၂၇

မသမာသူများအနေဖြင့် လူမှုကွန်ရက်ဖြစ်သည့် Facebook တွင် အမည်အမျိုးမျိုးဖြင့် ကိုယ်ပိုင် Page များ ဖွင့်လှစ်အသုံးပြုကာ ငွေစက္ကူအတုများ ဝယ်ယူရရှိနိုင်ကြောင်း ယုံကြည်အောင် ပြောဆို၍ ၎င်းတို့နှင့် ဆက်သွယ်လာသူ ငွေစက္ကူအတုဝယ်ယူလိုသူများထံမှ ငွေကြေးလိမ်လည် ရယူမှုများ ဖြစ်ပွားလျက်ရှိသဖြင့် အဆိုပါ Facebook အကောင့်ပိုင်ရှင်များအား ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အထူးအမှုစစ်အဖွဲ့များဖွဲ့စည်း၍ နည်းပညာအကူအညီရယူကာ စုံစမ်းရှာဖွေဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် Facebook လူမှုကွန်ရက်စာမျက်နှာပေါ်ရှိ အခေါက်ရွှေရောင်းသူ၊ဝယ်သူ အမည်ပါ Facebook Group အတွင်း Amara Pan အမည်ပါ Facebook အကောင့်မှ **"ငွေတုရောင်းတယ် မှတ်ပုံတင်နဲ့ရောင်းပေးတယ် လူလိမ်မဟုတ်ပါ လူလိမ်ထင်ရင်မဝယ်ပါနဲ့ Viber/ 09 971007328 သို့ ဆက်သွယ်ပါ"** စာသားနှင့်ငွေစက္ကူအတုပုံများ Post တင်ထားမှုကို စိစစ်တွေ့ရှိရသဖြင့် စုံစမ်းဖော်ထုတ်ခဲ့ရာ Amara Pan အမည်ပါ Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဒက္ခိဏသီရိမြို့နယ် ဇီးဖြူကုန်းကျေးရွာနေ မအေးအေးအောင်(၁၈)နှစ်အား နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီခွဲတွင် ၎င်း၏



တရားခံ အေးအေးအောင်

နေအိမ်၌ ငွေစက္ကူအတုများ ရရှိမည်ဖြစ်ကြောင်း အခြားသူများယုံကြည်အောင် ပြောဆိုကာ ငွေကြေးလိမ်လည် ရယူခဲ့ရာတွင် အသုံးပြုခဲ့သော VIVO Y 83 အမျိုးအစား အနီရောင်လက်ကိုင်ဖုန်း တစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ တရားခံ အေးအေးအောင်၏ထွက်ဆိုချက်အရ ၎င်းသည် Amara Pan အမည်ပါ Facebook အကောင့်ကို ဖွင့်လှစ်အသုံးပြုကာ Facebook Group များအတွင်း **"ငွေတုရောင်းတယ် မှတ်ပုံတင်နဲ့ရောင်းပေးတယ် လူလိမ်မဟုတ်ပါ လူလိမ်ထင်ရင်မဝယ်ပါနဲ့ Viber/ 09 971007328 သို့ ဆက်သွယ်ပါ"**ဟု စာသားများ လိုက်လံရေးသား၍ Post များတင်ခဲ့ပြီးနောက် Viber ဖုန်းအမှတ် 09971007328 မှတစ်ဆင့် ငွေစက္ကူအတုဝယ်ယူရန် ဆက်သွယ်လာသူများကို ငွေစက္ကူအစစ် တစ်ဆလျှင် ငွေစက္ကူအတု ရှစ်ဆရမည်ဖြစ်ကြောင်း၊ မြင်းခြံမြို့မှဆိုပါက အိမ်အရောက်ငွေချေပြုလုပ်၍ ရကြောင်း၊ ကျန်မြို့များကို စရန်တစ်ဝက်ပေးချေ၍ ငွေစက္ကူအတုရရှိမှသာ ကျန်ငွေတစ်ဝက်အား ဝယ်ယူ၍ရကြောင်း ယုံကြည်အောင်ပြောဆိုကာ အဆိုပါဖုန်းနံပါတ်ဖြင့် ဖွင့်လှစ်ထားသည့် Hnin Mya Wave pay အကောင့်အတွင်းသို့ ငွေလွှဲခိုင်းခဲ့ပြီး ငွေလွှဲရောက်ရှိပါက Viber အကောင့်အား Block ပြုလုပ်ကာ ငွေကြေးများကို လိမ်လည်ရယူခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် လူမှုကွန်ရက်စာမျက်နှာများ၌ ငွေစက္ကူအတုဝယ်ယူရရှိနိုင်ကြောင်း ယုံကြည်အောင်ပြောဆိုပြီး ငွေကြေးများလိမ်လည်ရယူခဲ့သူ တရားခံ အေးအေးအောင်အား ဥတ္တရသီရိ နယ်မြေ ရဲစခန်း (ပ)၆၈/၂၀၂၄၊ ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပြီး အလားတူ လူမှုကွန်ရက်အခြေပြု၍ ငွေကြေးလိမ်လည်ရယူမှုများနှင့် ငွေစက္ကူအတု ပြုလုပ်သုံးစွဲရောင်း/ဝယ် သူများကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ဖော်ထုတ်ဖမ်းဆီးမှုများ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ထိုကဲ့သို့ အရောင်းအဝယ်ပြုလုပ်မှုများကို သိရှိပါက နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း အသိပေးသတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**

## မော်လမြိုင်ကျွန်းမြို့နယ်၌ အမျိုးသားများရှိသည့် နေအိမ်များကို ကျပ်ငွေတစ်သိန်းမှစတင်ကာ ကျေးရွာရာအိမ်မှူးက ငွေကြေးကောက်ခံလျက်ရှိကြောင်း မဟုတ်မမှန်သတင်းများရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မဘောကျေးရွာအုပ်စု ကွင်းချောင်းကြီးကျေးရွာတွင် ကျေးရွာရာအိမ်မှူးက တပ်နှင့်ပေါင်းကာ အမျိုးသားများရှိသည့် နေအိမ်များကို ပြည်သူ့စစ်မှုထမ်းအကြောင်းပြ၍ ငွေများတောင်းယူလျက်ရှိကြောင်း မဟုတ်မမှန်သတင်းများကို လူမှုကွန်ရက်စာမျက်နှာများပေါ်တွင်ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မော်လမြိုင်ကျွန်းမြို့နယ်မှ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားသော ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိပြီး ငွေကြေးတောင်းခံခြင်း၊ အဓမ္မဖိအားပေးစုဆောင်းခြင်းများ လုပ်ဆောင်မှုမရှိကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းဆောင်ရွက်နေမှုအပေါ် ပြည်သူလူထုကို သွေးထိုးလှုံ့ဆော်လျက်ရှိပြီး ပြည်သူလူထုက လိုက်ပါဆောင်ရွက်




မှုမရှိစေရေး၊ အစိုးရနှင့် တပ်မတော်အပေါ် ပြည်သူလူထု၏ ထောက်ခံမှုကျဆင်းစေရေး သတင်းအမှားများကို ဝါဒဖြန့် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရှာငံမြို့နယ် နွားဘန်းကြီးကျေးရွာ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူခြောက်ဦးကို ဖမ်းဆီးထားသည်ဟု သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၇

ရှမ်းပြည်နယ် ရှာငံမြို့နယ်ရှိ နွားဘန်းကြီးကျေးရွာ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူခြောက်ဦးကို နိုဝင်ဘာ ၂၆ ရက်တွင် ဖမ်းဆီးထားသည်ဟု သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား၍ ဝါဒဖြန့်လျက်ရှိကြောင်း သိရသည်။




### ဖြန့်ဝေနေခြင်းသာဖြစ်

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ နယ်မြေခံလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ရှာငံမြို့နယ်အတွင်း သောင်းကျန်းသူများ စိမ့်ဝင်မှုမရှိစေရေးနှင့် အဖျက်အမှောင့်လုပ်ငန်းများ မလုပ်ဆောင်နိုင်စေရန်အတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများကို ဥပဒေမဲ့ ဖမ်းဆီးခေါ်ဆောင်ခြင်းများမရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများသည် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ယခုကဲ့သို့ အခြေအမြစ်မရှိသည့် သတင်းမှားများကို လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း


၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၄)ရပ်ကွက်၊ သုခနေလမ်း၊ ခြံအမှတ် (၄/၄၁၃) တွင် ပါတီရုံးချုပ်တည်ရှိသော **ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)**သည် ယင်းပါတီ၏အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ သို့ဖြစ်ပါ၍ **ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)**က ပြောင်းလဲအသုံးပြုမည့် ဖော်ပြပါ ပါတီအလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှ စ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ
(Karen National Democratic Party)၏ အလံပုံစံ



ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ
(Karen National Democratic Party) ၏ တံဆိပ်ပုံစံ




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၂၇

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Wana" Telegram အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ဆင်ကျုံးကျေးရွာနေ အောင်မျိုးလွင်အား ဆတ်သွားနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်




## လီဝန်ဒေါစကီး ကစားသမားဘဝတစ်လျှောက် ချန်ပီယံလိဂ် သွင်းဂိုး ၁၀၀ ပြည့်မြောက်

**ဘာစီလိုနာ နိုဝင်ဘာ ၂၇**

ဘာစီလိုနာအသင်းတိုက်စစ်မှူး လီဝန်ဒေါစကီး ကစားသမားဘဝတစ်လျှောက် ချန်ပီယံလိဂ် သွင်းဂိုး ၁၀၀ ပြည့်မြောက်သည့် မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။




အဆိုပါ တိုက်စစ်မှူးသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ဘာစီလိုနာအသင်းက ဘရက်အသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန်သွင်းဂိုးနှစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး လီဝန်ဒေါစကီးသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၄ ပွဲကစားပြီး ၈၁ဂိုးထိလည်း သွင်းယူထားသည်။

အသက်(၃၆)နှစ်အရွယ်ရှိ လီဝန်ဒေါစကီးက 'ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုမှတ်တမ်းတွေနဲ့ အသင်းအောင်မြင်မှုများ ရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ' ဟု ပြောသည်။

(ဝဲပုံ)

(NGB)

## မာရှေယာနိအား နည်းပြသစ်အဖြစ် အင်တာမိုင်ယာမီအသင်း ခန့်အပ်



**လန်ဒန် နိုဝင်ဘာ ၂၇**

မေဂျာလိဂ်ကလပ် အင်တာမိုင်ယာမီအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ မာရှေယာနိအား ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန် ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် အာဂျင်တီးနား ယူ-၂၀နှင့် ယူ-၂၃ အသင်းအား ကိုင်တွယ်ပြီး ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် အင်တာမိုင်ယာမီအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၄၀)နှစ်အရွယ်ရှိ မာရှေယာနိက 'ကျွန်တော် အခုလို အင်တာမိုင်ယာမီ အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ အင်တာမိုင်ယာမီအသင်း အောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ' ဟု ပြောသည်။**(အပေါ်ဝဲပုံ)**(NGB)

## သီအိုဟာနန်ဒက်ဇ်အား ခေါ်ယူရန် မန်ချက်စတာယူနိုက်တက်အသင်း စိတ်ဝင်စား

**လန်ဒန် နိုဝင်ဘာ ၂၇**

မန်ချက်စတာယူနိုက်တက်အသင်းသည် အေစီမီလန်အသင်း နောက်ခံကစားသမား သီအိုဟာနန်ဒက်ဇ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၇)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အေစီမီလန်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၂၇ ပွဲကစားပြီး ၃၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

အေစီမီလန်အသင်းကလည်း သီအိုဟာနန်ဒက်ဇ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းအနေဖြင့် လာမည့်ဆောင်းရာသီဈေးကွက်အတွင်းတွင် အေစီမီလန်အသင်းထံမှ သီအိုဟာနန်ဒက်ဇ်အား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။ **(ယာပုံ) (NGB)**




## 2024 Open In Arte Angers Loire တင်းနစ်ပြိုင်ပွဲ ဒီဇင်ဘာ ၂ ရက်တွင် စတင်မည်

**ပါရီ နိုဝင်ဘာ ၂၇**

ပြင်သစ်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Open In Arte Angers Loire တင်းနစ်ပြိုင်ပွဲ လာမည့် ဒီဇင်ဘာ ၂ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ 2024 Open In Arte Angers Loire တင်းနစ်ပြိုင်ပွဲကို ဒီဇင်ဘာ ၂ရက်မှ ၈ရက်အထိ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2024 Open In Arte Angers Loire တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Open In Arte Angers Loire တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ပြင်သစ်တင်းနစ်မယ် Clara Burel ဖြစ်သည်။ **(အောက်ပုံ) (NGB)**




## စပို့တင်းလစ္စဘွန်းအသင်းအား ဂိုးပြတ်အနိုင်ရရှိလို့ အလွန်ကျေနပ်မိဟု နည်းပြ အာတီတာပြောကြား



**လန်ဒန် နိုဝင်ဘာ ၂၇**

ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းသည် စပို့တင်းလစ္စဘွန်းအသင်းအား ငါးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်အပြီးတွင် နည်းပြ အာတီတာက ယခုပွဲစဉ်တွင် အသင်းသားများ၏ ခြေစွမ်းကိုချီးကျူးမိကြောင်း၊ ဂိုးပြတ်အနိုင်ရရှိခဲ့သည့်အတွက်လည်း အလွန်ကျေနပ်မိကြောင်း ပြောကြားခဲ့သည်။

အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ်ပွဲစဉ် ၅ပွဲကစားအပြီးတွင် ရမှတ် ၁၀မှတ်ဖြင့် အဆင့် ၇ နေရာတွင် ရပ်တည်ခဲ့သည်။

အာဆင်နယ်အသင်းနည်းပြ အာတီတာက 'ယခုနိုင်ပွဲအတွက် အလွန်ကျေနပ်မိပါတယ်။ နောက်ထပ်လာမည့် ပွဲစဉ်တွေမှာလည်း နိုင်ပွဲတွေ ဆက်လက်ရယူသွားမှာပါ' ဟု ပြောသည်။

(ဝဲပုံ)

(NGB)

### ယူအီးအက်ဖ်အေ ယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ(အမှတ်ပေးလိဂ်အဆင့်)(ပွဲစဉ်-၅)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) |
|---|---|---|
| ၂၉-၁၁-၂၀၂၄ သောကြာနေ့ | နံနက် ၀၀း၁၅ နာရီ | (၆)ဘီလ်ဘာအို(စပိန်-၅) - အယ်လ်ဘော့(ဆွီဒင်-၇)(၂၄) |
| ။ | ။ | (၁၇)အယ်လ်ခမာ(နယ်သာလန်-၆) - ဂါလာတာစာရေး(တူကီယဲ-၁)(၃) |
| ။ | ။ | (၁၈)ဘက်ဆစ်တပ်(တူကီယဲ-၆) - မက္ကာဘီတဲလ်အဗစ်(အစ္စရေး-၂)(၃၅) |
| ။ | ။ | (၃၆)ဒိုင်နမိုကီယက်(ယူကရိန်း-၁) - ဗစ်တိုးရီးယားပလာဇန်(ချက်-၂)(၁၆) |
| ။ | ။ | (၁)လာဇီယို(အီတလီ-၅) - လူဒိုဂိုရက်စ်(ဘူလ်ဂေးရီးယား-၁)(၃၄) |
| ။ | ။ | (၂၉)ကာရာဘတ်(အဇာဘိုင်ဂျန်-၁) - လိုင်ယွန်(ပြင်သစ်-၆)(၉) |
| ။ | ။ | (၃၂)ရီဂါစ်(လတ်ဗီးယား-၁) - PAOK(ဂရိ-၂)(၃၃) |
| ။ | ။ | (၅)အန်းဒါးလက်ချ်(ဘယ်လ်ဂျီယံ-၄) - ပေါ်တို(ပေါ်တူဂီ-၂)(၂၂) |
| ။ | နံနက် ၀၂း၃၀ နာရီ | (၁၃)မစ်ဂျီလန်း(ဒိန်းမတ်-၄) - ဖရန့်ဖတ်(ဂျာမနီ-၂)(၄) |
| ။ | ။ | (၂၇)တွမ်တီး(နယ်သာလန်-၅) - ယူနီယံစိန့်(ဘယ်လ်ဂျီယံ-၉)(၃၀) |
| ။ | ။ | (၈)FCSB(ရိုမေးနီးယား-၄) - အိုလံပီယာကိုစ်(ဂရိ-၁)(၁၁) |
| ။ | ။ | (၁၄)ဖီရန်ဘားရို့စ်(ဟန်ဂေရီ-၁) - မော်လ်ပို(ဆွီဒင်-၁)(၂၈) |
| ။ | ။ | (၁၅)မန်ယူ(အင်္ဂလန်-၁၂) - ဘိုဒို(နော်ဝေ-၁)(၁၂) |
| ။ | ။ | (၃၁)နိစ်(ပြင်သစ်-၅) - ရိန်းဂျားစ်(စကော့တလန်-၃)(၁၀) |
| ။ | ။ | (၂၅)ဆိုစီဒက်(စပိန်-၁၀) - အေဇက်အဲ(နယ်သာလန်-၃)(၂) |
| ။ | ။ | (၂၃)ဆလားဗီးယားပရပ်(ချက်-၁) - ဗီနာဘာချီ(တူကီယဲ-၂)(၂၀) |
| ။ | ။ | (၂၆)ဘရာဂါ(ပေါ်တူဂီ-၅) - ဟော့ဖန်ဟိမ်း(ဂျာမနီ-၁၃)(၁၉) |
| ။ | ။ | (၇)ရောမ(အင်္ဂလန်-၆) - ရိုးမား(အီတလီ-၁၂)(၂၀) |

()အတွင်းမှ အဆင့်မှာ ပြိုင်ပွဲဝင်အသင်း(၃၆)သင်း၏ အမှတ်ပေးဇယားအဆင့်များ ဖြစ်ပါသည်။

### ယူအီးအက်ဖ်အေ ကွန်ဖရန့်လိဂ် ဘောလုံးပြိုင်ပွဲ(အမှတ်ပေးလိဂ်အဆင့်)(ပွဲစဉ်-၄)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) |
|---|---|---|
| ၂၈-၁၁-၂၀၂၄ ကြာသပတေးနေ့ | ည ၁၀း၀၀ နာရီ | (၂၅)အက်စ်တာနာ(ကာဇက်စတန်-၂) - ဗစ်တိုးရီးယားဂီမာရေး(ပေါ်တူဂီ-၆)(၅) |
| ၂၉-၁၁-၂၀၂၄ သောကြာနေ့ | နံနက် ၀၀း၁၅ နာရီ | (၆)ဟိုင်ဒင်ဟိမ်း(ဂျာမနီ-၁၅) - ချဲလ်ဆီး(အင်္ဂလန်-၃)(၁) |
| ။ | ။ | (၁၅)ဆာကယ်လ်ဘရူဂျက်(ဘယ်လ်ဂျီယံ-၁၄) - ဟတ်စ်(စကော့တလန်-၁၁)(၁၂) |
| ။ | ။ | (၃၄)ဒိုနမိုမင့်စ်(ဘီလာရုစ်-၁) - ကိုပင်ဟေဂင်(ဒိန်းမတ်-၁)(၂၉) |
| ။ | ။ | (၂၈)နော့ခ်(အာမေးနီးယား-၃) - ရေဂျာဝစ်(အိုက်စလန်-၂)(၁၄) |
| ။ | ။ | (၂၇)စိန့်ဂါလဲ(ဆွစ်ဇာလန်-၇) - TSC(ဆားဘီးယား-၁၀)(၂၃) |
| ။ | ။ | (၁၉)ဘန်ဂျာလူကာ(ဘော့စနီးယား-၃) - LASK(ဩစတြီးယား-၅)(၃၀) |
| ။ | ။ | (၂၂)ဗိုလ်ဒီ(နော်ဝေ-၄) - အေပိုးလ်(ဆိုက်ပရပ်စ်-၄)(၁၇) |
| ။ | ။ | (၂၀)ဆဲလ်ဂျီ(ဆလိုဗေးနီးယား-၂) - ဂျာဂျီယာလိုနီရာ(ပိုလန်-၂)(၃) |
| ။ | ။ | (၃၁)ပနာသီနာကိုစ်(ဂရိ-၃) - HJK(ဖင်လန်-၂)(၂၆) |
| ။ | ။ | (၂၄)နယူးစိန့်(ဝေးလ်စ်-၂) - ဂျော်ဂါးဒန်း(ဆွီဒင်-၄)(၁၆) |
| ။ | နံနက် ၀၂း၃၀ နာရီ | (၈)ဖီအိုင်ရင်တီးနား(အီတလီ-၄) - ပါဖိုစ်(ဆိုက်ပရပ်-၁)(၉) |
| ။ | ။ | (၁၁)လူဂါနို(ဆွစ်ဇာလန်-၂) - ဂျန့်(ဘယ်လ်ဂျီယံ-၆)(၁၃) |
| ။ | ။ | (၃၃)မာဒါဘော့ဆာ(ချက်-၁၀) - ဘက်တစ်(စပိန်-၉)(၁၈) |
| ။ | ။ | (၁၀)အိုလံပီဂျာ(ဆလိုဗေးနီးယား-၁) - လန်း(မြောက်အိုင်ယာလန်-၉)(၃၅) |
| ။ | ။ | (၂၁)အိုမိုနီးယား(ဆိုက်ပရပ်စ်-၃) - လီဂီယာဝါဆော(ပိုလန်-၅)(၂) |
| ။ | ။ | (၄)ရက်ပစ်ဗီယင်နာ(ဩစတြီးယား-၂) - ရှမ်းရော့ရိုဗာ(အိုင်ယာလန်-၂)(၇) |

()အတွင်းမှ အဆင့်မှာ ပြိုင်ပွဲဝင်အသင်း(၃၆)သင်း၏ အမှတ်ပေးဇယားအဆင့်များ ဖြစ်ပါသည်။

# မြန်မာ့နာနတ်သီးများကို တရုတ်ဈေးကွက်သို့ ဝင်ရောက်ခွင့်ပြုသော်လည်း ပိုးမွှား (၅)မျိုးကို စစ်ဆေးခံရမည်

မြန်မာနိုင်ငံမှ လတ်ဆတ်သော နာနတ်သီးများကို တရုတ်နိုင်ငံသို့ တင်သွင်းခွင့်ပြုမည်ဟု တရုတ်နိုင်ငံအကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of China-GACC)က နိုဝင်ဘာ ၁၁ရက်တွင် ၎င်း၏ ဝက်ဘ်ဆိုက်မှတစ်ဆင့် ကြေညာခဲ့သည်။

မြန်မာနိုင်ငံ၏ နာနတ်သီး အဓိကစိုက်ပျိုးသည့်ဒေသသည် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင်တည်ရှိပြီး နာနတ်သီးများကို ပုံမှန်အားဖြင့် ဖွန်လမှ စက်တင်ဘာလအတွင်း ခူးဆွတ်လေ့ရှိကြောင်း၊ ယခင်က မြန်မာနိုင်ငံမှ နာနတ်သီးအများစုကို တရားဝင် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုအစီအစဉ်ဖြင့် တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း၊ သို့သော်လည်း တရုတ်နိုင်ငံသည် ၂၀၁၉ ခုနှစ် ဖွန် ၁၆ ရက်တွင် အဆိုပါလမ်းကြောင်းကို တရားဝင်ရပ်ဆိုင်းခဲ့ရာ မြန်မာ့နာနတ်သီးလုပ်ငန်းများအတွက် သိသိသာသာ ဆုံးရှုံးမှုဖြစ်စေခဲ့ကြောင်း၊ မြန်မာ့ပို့ကုန်လုပ်ငန်းရှင်များသည် ထိုင်း၊ စင်ကာပူနှင့် အခြားနိုင်ငံများတွင် အစားထိုးဈေးကွက်များ ရှာဖွေခဲ့သော်လည်း တင်ပို့မှုပမာဏမှာ နည်းပါးနေသေးသည်။

ငါးနှစ်ကြာ ညှိနှိုင်းဆွေးနွေးပြီးနောက် ယခုအခါတွင် မြန်မာနိုင်ငံမှ နာနတ်သီးများကို ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရန် နောက်ဆုံးတွင် ခွင့်ပြုချက်ရရှိခဲ့ပြီဖြစ်သည်။

GACC ၏ ကြေညာချက်အရ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် တရုတ်နိုင်ငံသို့ တင်ပို့လိုသော နာနတ်သီးစိုက်ခင်းများနှင့် ထုပ်ပိုးသည့် စက်ရုံများကို မှတ်ပုံတင်ရန် လိုအပ်ကြောင်း၊ အဆိုပါစိုက်ခင်းများနှင့် လုပ်ငန်းများကို GACC မှ အတည်ပြုသွားမည်ဖြစ်ပြီး ၎င်း၏ဝက်ဘ်ဆိုက်တွင် အတည်ပြုထားသောစာရင်းကို ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် စိုက်ပျိုးသူများအနေဖြင့် ပြည့်စုံသောအရည်အသွေးစီမံခန့်ခွဲမှုနှင့် ခြေရာခံနိုင်မှုစနစ်များ ထူထောင်ရန်နှင့် ကောင်းမွန်သော စိုက်ပျိုးရေးအလေ့အကျင့်များနှင့် ပိုးမွှားစီမံခန့်ခွဲမှုနည်းစနစ်များကို အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ အသီးများနှင့် အရွက်များတွင် အင်းဆက်ပိုးမွှားများ၊ ခရုများ၊ မြက်မျိုးစေ့များ၊ အပင်အကြွင်းအကျန်များနှင့် မြေကြီးကဲ့သို့ အမှိုက်များကင်းစင်စေရန်အတွက် ထုပ်ပိုးမှုလုပ်ငန်းစဉ်အတွင်း လက်ဖြင့်စီခြင်း၊ စစ်ဆေးခြင်း၊ ရေဖြင့် ပွတ်တိုက်ဆေးကြောခြင်း သို့မဟုတ် ဖိအားမြင့်ရေပိုက်ဖြင့် ဆေးကြောသန့်စင်ခြင်းကဲ့သို့သော လုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည် ဖြစ်သည်။

နာနတ်သီးနှင့်ပတ်သက်၍ တရုတ်နိုင်ငံက စိုးရိမ်ရကြောင်း သတ်မှတ်ထားသည့် ပိုးမွှား (၅) မျိုးမှာ The Spiraling White-fly (Aleurodicus dispersus)၊Gray Pineapple Mealybug(Dysmicoccus Neobrevipes)၊ Passionvine Mealybug (Planococcus Minor)၊ Jack Beardsley Mealybug (Pseudococcus Jackbeardsleyi) နှင့် The Fungal Plant Pathogen Fusarium Sacchari တို့ဖြစ်သည်။

ကုန်သွယ်မှုစတင်ပြီးနောက် ပထမ(၂)နှစ်အတွင်း မြန်မာနိုင်ငံမှ သက်ဆိုင်ရာအာဏာပိုင်များသည် ကုန်ပစ္စည်းတင်ပို့မှု တစ်ခုစီအတွက် နှစ်ရာခိုင်နှုန်းထက် မနည်းသော နမူနာများကို စစ်ဆေးရန်လိုအပ်ကြောင်း၊ ထို (၂)နှစ်အတွင်း ပိုးမွှားဆိုင်ရာ ပြဿနာများ မပေါ်ပေါက်ပါက နမူနာနှုန်းကို တစ်ရာခိုင်နှုန်းသို့ လျှော့ချနိုင်မည်ဖြစ်ကြောင်း မြန်မာ့စီးပွားရေးသံမှူး၊ နန်နင်းမြို့၏ သတင်းပေးပို့ချက်အရ သိရသည်။

(အပေါ်ဝဲပုံ) ရွှေမန်း





# တန်ဆောင်တိုင် ရုံးပိတ်ရက်၌ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ခရီးသွားဧည့်သည်များဖြင့် စည်ကား

**ညောင်ဦး နိုဝင်ဘာ ၂၇**

တန်ဆောင်တိုင် ရုံးပိတ်ရက်တွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အထင်ကရ သမိုင်းဝင်ဘုရား၊ ပုထိုး၊ သာသနိကအဆောက်အအုံများတွင် ပြည်တွင်းဘုရားဖူးဧည့်သည်များ အလွန်များပြားစွာ လာရောက်လျက်ရှိကြောင်း လောကနန္ဒာစွယ်တော်မြတ်စေတီတော်ဂေါပကအဖွဲ့ထံက သိရသည်။ **(အပေါ်ပုံ)**

တန်ဆောင်တိုင် ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်အတွင်း သမိုင်းဝင်စေတီပုထိုးများ၊ စွယ်တော်သုံးဆူ၊ မဟာဇက်ပစ်တောင်စေတီ၊ ထီးလိုမင်းလိုဘုရား၊ အာနန္ဒာဘုရား၊ မဟာဗောဓိဘုရား၊ ဗူးဘုရား၊ ကန်တော့ပလ္လင်ဘုရား၊ ခေမင်္ဂဘုရားဝင်း၊ သကြားပုန်းဘုရား၊ ရွှေလိပ်တူးဘုရား၊ သဗ္ဗညုဘုရား၊ ငကျွဲနားရှောင်းဘုရား၊ ပုထိုးသားများဘုရား၊ ဆင်များရှင်ဘုရား၊ မနူဟာဘုရား၊ ဓမ္မရာဇကဘုရား၊ ရှင်အဓိဂေါဏဘုရား၊ ဓမ္မရံကြီးနှင့် စူဠာမဏိဘုရားများတွင် လာရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားဘုရားဖူးဧည့်သည် များပြားလျက်ရှိသည်။

ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှု နယ်မြေသည် ပြည်တွင်း၊ပြည်ပခရီးသွားများ အဆက်မပြတ်သည့်မြို့ဖြစ်ကာ သီတင်းကျွတ်ရုံးပိတ်ရက်၊ တန်ဆောင်တိုင်ရုံးပိတ်ရက်၊ ဒီဇင်ဘာခရစ္စမတ်ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များတွင် ပုဂံဒေသ၏ အလွန်ရှေးကျပြီး ပကတိအတိုင်း ရှိနေသေးသည့် ဘုရား၊ ပုထိုး၊ သာသနိကအဆောက်အအုံများ ယနေ့တိုင်ရှိနေခြင်း၊ အုတ်ရိုး၊ နန်းမြို့ရိုး၊ အုတ်ပုံများနှင့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း နေရာစိပ်စိပ်နှင့် လက်ညှိုးထိုးမလွဲတစ်နေရာနှင့် တစ်နေရာမဝေးကွာဘဲ တစ်ဆက်တစ်စပ်တည်း ဘုရားပုထိုးများ ဖူးမြော်နိုင်ခြင်းက ပြည်တွင်း၊ ပြည်ပခရီးသွားများကို အလွန်ပင်ဆွဲဆောင်လှကြောင်း တန်ဆောင်တိုင်ရုံးပိတ်ရက် ပုဂံ-ညောင်ဦးဘုရားဖူး လာရောက်သူ ဦးရေ ၈၀၀၀၀ ကျော် လာရောက်ဖူးမြော်ကြကြောင်း လောကနန္ဒာစွယ်တော်မြတ်စေတီ ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးထင်လင်းဦးထံက သိရသည်။ **(၄၈၁)**

# မြန်မာ့အထည်အလိပ်နှင့် စက်ယန္တရား ကုန်စည်ပြပွဲ ရန်ကုန်မြို့တွင် ကျင်းပသွားမည်

**မန္တလေး နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် Chinese Textitle & Germent Association in Myanmar (CTGA) တို့ပူးပေါင်းပြုလုပ်မည့် မြန်မာ့အထည်အလိပ်နှင့် စက်ယန္တရားကုန်စည်ပြပွဲကို ရန်ကုန်မြို့ရှိ Yangon Convention Center(YCC) တွင် ဒီဇင်ဘာ ၆ရက်မှ ၈ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်ငန်းများရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်အသစ်များရရှိရေး၊ စီးပွားရေးမိတ်ဖက်များရရှိရေး၊ မြန်မာ့အထည်ချုပ်လုပ်ငန်းကဏ္ဍ လုပ်နိုင်စွမ်းများကို ကမ္ဘာက သိရှိရေးအတွက် ယခုကဲ့သို့ ပြပွဲကို ပြုလုပ်ပေးခဲ့ခြင်း ဖြစ်သည်။

"မြန်မာ့အထည်ချုပ်လုပ်ငန်းက ထုတ်လုပ်တဲ့ ထုတ်ကုန်တွေအတွက် ဈေးကွက်အသစ်ရရှိဖို့နဲ့ ကုန်စည်ပြပွဲတွေ၊ စီးပွားရေးမိတ်ဖက်တွေနဲ့ တိုက်ရိုက်တွေ့ဆွေးနွေးပွဲတွေကိုလည်း ကျင်းပပေးသွားမှာဖြစ်ပါတယ်၊ ပြပွဲမှာ Fashion Show, Costume Competition တွေအပါအဝင် Bussiness Matching တွေလည်း ပါဝင်မှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းက တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြပွဲတွင် ကုန်အမှတ်တံဆိပ် ၂၀ ကျော်ကို တရုတ်နိုင်ငံမှ ပြခန်းပေါင်း ၁၂၀ခန့်၊ မြန်မာနိုင်ငံမှ ပြခန်း ၄၀ ခန့်၊ စုစုပေါင်း ပြခန်းပေါင်း ၁၆၀ ကျော် ပါဝင်ပြသသွားမည်ဖြစ်ကြောင်း၊ အထည်အလိပ်နှင့် ဆက်စပ်ပစ္စည်းများ၊ အပ်ချုပ်စက်များ၊ အထည်ချုပ်လုပ်ငန်းတွင် အသုံးပြုသည့် စက်ပစ္စည်းအမျိုးမျိုး၊ Shoe & Bag အမျိုးမျိုးနှင့် Home Textile များနှင့် အခြားဆက်စပ်ပစ္စည်းများကို ပြသပေးသွားမည်ဖြစ်သည်။

ထို့အပြင် နိုင်ငံတကာ မိတ်ဖက်များအနေဖြင့် ပြပွဲတွင် ခင်းကျင်းပြသမည့်ဒေသတွင်း အထည်အလိပ်နှင့် အထည်ချုပ်စက်ရုံများ၏ လုပ်ငန်းစွမ်းဆောင်ရည်နှင့် လက်မှုပညာများကို လေ့လာနိုင်မည်ဖြစ်ပြီး ရိုးရာနည်းပညာများမှစ၍ ခေတ်မီဆန်းသစ်တီထွင်မှုများ Made in Myanmar ထုတ်လုပ်သူများထံကလည်း အထည်အလိပ်ကုန်ပစ္စည်းများ၊ စက်ပစ္စည်းများကိုလေ့လာနိုင်မည်ဖြစ်သည်။

မြန်မာ့အထည်အလိပ်နှင့် စက်ယန္တရားကုန်စည်ပြပွဲ ၂၀၂၄ တွင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များ၊ အသင်းဝင်စက်ရုံများ၊ ကိုရီးယား(KOGAM)၊ ဟောင်ကောင် (HKMMA) နှင့် အာဆီယံနိုင်ငံများ၏ အထည်အလိပ်များနှင့် စက်ယန္တရားများကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၈)**



# တန်ပိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်

**ရပ်စောက် နိုဝင်ဘာ ၂၇**

ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုးပွားစေရေး၊ သင်တန်းမှနည်းပညာများ အသုံးချ၍ စီးပွားဖြစ်ဝင်ငွေရရှိစေရန် ဆောင်ရွက်ခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားရေး၊ လူနေမှုအဆင့်အတန်း မြင့်မားရေးစသည့် ရည်ရွယ်ချက်များဖြင့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်ခြင်း နည်းပညာသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက ရပ်စောက်မြို့နယ်၊ ကျောက်တောကျေးရွာအုပ်စု၊ ကျောက်တောကျေးရွာ (IT Center) ခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရှေးရယ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်းနှင့် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းနည်းပြ ဦးစီးအရာရှိ ဒေါ်သီသီစိုးက တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်ခြင်းနည်းပညာနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများမှ မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းသားများအတွက် သင်ထောက်ကူပစ္စည်းများကို ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းတွင် သဘော်သီးယို (အချို၊ ချဉ်စပ်)၊ သရက်ယို၊ ကျောက်ဖရုံ၊ သကြားပွင့်ယို၊ ချဉ်စော်ကားသီးယို၊ ခရမ်းချဉ်သီးယို၊ ခရမ်းချဉ်သီးဆော့စ်၊ မန်ကျည်းဖျော်ရည်၊ မန်ကျည်းဆော့စ်၊ သံပရာဖျော်ရည်၊ မက်မန်းပိုင်၊ အာလူးကြော်၊ အာလူးခြောက်၊ ဂျယ်လီ၊ စာကလေးခွေ၊ ကင်(မ်)ချီ၊ လက်ဖက်နှပ်၊ ဆီးဖျော်ရည်၊ ဆီးယို စသည့် ဘာသာရပ် ၁၆ မျိုးကို သင်တန်းကာလ ငါးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ သင်တန်းသား ၂၀ ဦး တက်ရောက်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) မြို့နယ်(ပြန်/ဆက်)**



# မိုးစပါးမျိုး စံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ

**တပ်ကုန်း နိုဝင်ဘာ ၂၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ပံ့သုရတနာကျော်ကုမ္ပဏီမှ ထုတ်လုပ်သော 'ပြည့်လျှံ' သဘာဝမြေဩဇာနှင့် ပူးပေါင်းဆောင်ရွက်သည့် YSR -1 မိုးစပါးစံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့ နံနက်ပိုင်းက အင်ဘက်ကုန်းကျေးရွာ၊ စနစ်တကျလယ်မြေ၊ ကွင်းအမှတ် ၁၃၀၅ ကွင်း၊ တောင်သူ ဦးဖိုးပြုံး၏ စပါးစိုက်ခင်းတွင် ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် တိုင်းစိုက်ပျိုးရေး ဦးစီးမှူး ဦးစိုးနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းညွန့်နှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အလုပ်အမှုဆောင်တာဝန်ခံ ဦးမင်းဟန်၊ နေပြည်တော် MSME အသင်းဒုဥက္ကဋ္ဌ ဦးကျော်စိုးလွင်၊ နေပြည်တော်ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်ထွန်းအောင်၊ ပံ့သုရတနာကျော်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်နီလာဝင်းကျော်နှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက တပ်ကုန်းမြို့နယ်အတွင်း ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေကြီးနစ်မြုပ်ခံခဲ့ရသော လယ်ယာမြေများကို တာဝန်ရှိသူများနှင့် သက်ဆိုင်ရာဌာနများက ပြန်လည်ကုစားရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ တောင်သူများအနေဖြင့် လယ်ယာမြေ သီးနှံစိုက်ပျိုးရာတွင် မျိုး၊ မြေ၊ ရေ၊ နည်းလမ်းများအပြင် စိုက်ပျိုးအချိန်များကိုလည်း အထူးဂရုပြုစိုက်ပျိုးရန် လိုအပ်ပါကြောင်း၊ သီးနှံထွက်ရှိမှုများလည်း ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် ဆောင်ရွက်ရန် ရှင်းလင်းပြောကြားခဲ့ပြီးနောက် နေပြည်တော်တိုင်းစိုက်ပျိုးရေးဦးစီးမှူး ဦးစိုးနိုင်က စပါးမျိုးစေ့များအကြောင်း ရှင်းလင်းဆွေးနွေးတင်ပြခြင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အလုပ်အမှုဆောင်တာဝန်ခံ ဦးမင်းဟန်က ဆန်စပါးစိုက်ပျိုးထွက်ရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း၊ ပံ့သုရတနာကျော်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်နီလာဝင်းကျော်နှင့် တာဝန်ရှိသူများက 'ပြည့်လျှံ' မြေဆီလွှာအာဟာရဖြည့် သဘာဝမြေဩဇာများနှင့် ပတ်သက်၍ ထုတ်လုပ်မှုအဆင့်ဆင့်များ၊သီးနှံများရရှိမည့် အကျိုးကျေးဇူးများ ရှင်းလင်းတင်ပြခဲ့ပြီးနောက် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက ရေကြီးနစ်မြုပ်လယ်ယာမြေများ အခမဲ့မြေပြုပြင်ပေးထားခြင်း၊ သီးနှံမျိုးစေ့များ အခမဲ့ထောက်ပံ့ပေးခြင်းနှင့် သီးနှံစိုက်ပျိုးလျာထားဧကပြည့်မီရေး နိဂုံးချုပ်အမှာစကားရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

# ထိုင်ဝမ်ပိန္နဲ စိုက်ပျိုးတောင်သူများ တစ်ပိဿာငွေကျပ် ၂၀၀၀ ရောင်းချနေရကာ မနှစ်ကထက် ဈေးနှုန်းပိုရနေ

**ညောင်ဦး နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ် ထိုင်ဝမ်ပိန္နဲ စိုက်ပျိုးတောင်သူများ ပိန္နဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အသီးသီးနှုန်း ကောင်းမွန်ကာ ဆွတ်ခူးရောင်းချချိန် တစ်ပိဿာငွေကျပ် ၂၀၀၀ ရောင်းချရခြင်းကြောင့် ပိန္နဲစိုက်တောင်သူများ တွက်ခြေကိုက်သည့် နှစ်တစ်နှစ်ဖြစ်ခဲ့သည်။

ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင် ပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် လဲဂွကျေးရွာ၊ လက်ပံအိုင့်ကျေးရွာ၊ ဌေးကုန်းကျေးရွာ၊ လျှော်တော၊ နဂါးလည်၊ စီးမ၊ ဆည်ကျေးရွာများသည် ထိုင်ဝမ်ပိန္နဲ စိုက်ပျိုးကြသည့် ကျေးရွာများဖြစ်ကြောင်း၊ ထိုင်ဝမ်ပိန္နဲမျိုးပင်များအား ပြင်ဦးလွင်မြို့သို့ သွားရောက်ဝယ်ယူခဲ့ကြပြီး ပျိုးပင်တစ်ပင် ငွေကျပ် ၅၀၀၀မှ ငွေကျပ် ၉၀၀၀ ထိပေးဝယ်ပြီး စိုက်ပျိုးကြကြောင်း၊ တစ်ပင်နှင့် တစ်ပင် ၁၂ ပေခြား စိုက်ပျိုးရပြီး၊ မစိုက်ပျိုးမီ တစ်ပေခွဲပတ်လည် တူးကာမြေဆီမြေဆွေးထည့်ပြီး ဆယ်ငါးရက်ခန့် ရေလောင်းနပ်ထားရကြောင်း လဲဂွကျေးရွာ ထိုင်ဝမ်ပိန္နဲ စွန့်ဦးစိုက်ပျိုးသူ ဦးသောင်းတင်က ရှင်းပြသည်။ ထိုင်ဝမ်ပိန္နဲပင်များ စတင်စိုက်ပျိုးပြီး တစ်နှစ်ခွဲခန့်အကြာတွင် စတင်အပွင့်ပွင့် အသီးသီးသော်လည်း အသီးများမတင်ဘဲ နှစ်နှစ်ခွဲသားအပင်မှသာ အသီးစတင်သည်။

ထိုင်ဝမ်ပိန္နဲပင်များ အရွယ်ရောက်လာသည့်အခါ ပိန္နဲပင်တစ်ပင်လျှင် ပိန္နဲသီးအနည်းဆုံး သုံးလုံးမှ အလုံးလေးဆယ်ထိ သီးကြောင်း၊ ပိန္နဲသီးတစ်လုံး လေးပိဿာမှ ဆယ်လေးပိဿာထိ ရှိကြောင်း၊ ပိန္နဲသီးရောင်းချရာတွင် တစ်လုံး ခြင်းမရောင်းချပဲ တစ်လုံးပိဿာ ချိန်အရှိအတိုင်း ရောင်းချသည်။ ထိုင်ဝမ်ပိန္နဲသီးများသည် တစ်နှစ်ပတ်လုံး အပွင့်ပွင့်၊ အသီးသီးကြောင်း၊ ပိန္နဲသီးရင့်၊ မရင့် ခူးဆွတ်ချိန်အညှာအားဓားထစ်ကြည့်ရကြောင်း ပိန္နဲအစေးကျဲလျှင် ရင့်မှည့်ကာ အစေးပျစ်လျှင် မရင့်သေးကြောင်း၊ ထိုင်ဝမ်ပိန္နဲစိုက်တောင်သူများက ရှင်းပြသည်။ ထိုင်ဝမ်ပိန္နဲသီးများသည် အိမ်မှာသီးများဖြစ်ခြင်းကြောင့် စားသုံးသူများ အင်မတန်ကြိုက်ကြပြီး ပိန္နဲသီးပေါ်ချိန် စိုက်ခင်းအထိ ပိန္နဲသီးပွဲစားများ လာရောက်ဝယ်ကြကြောင်း ထွက်ရှိလာသည့် ပိန္နဲသီးများအားလုံးအပြင် မရောင်းချရပဲ ပိန္နဲသီးပွဲစားများ စိုက်ခင်းထိလာရောက်ဝယ်ယူခြင်းကြောင့် ခရီးစရိတ်သက်သာခြင်း၊ မြို့ပေါ်ဖောက်သည်မရှာရခြင်းများကလည်း ထိုင်ဝမ်ပိန္နဲ စိုက်ပျိုးတောင်သူများအတွက် အခွင့်အရေးတစ်ရပ်လည်းဖြစ်ကာ ပိန္နဲသီးတစ်ပိဿာငွေကျပ် ၂၀၀၀ ရောင်းချနေရကြောင်း မနှစ်က ငွေကျပ် ၁၀၀၀ မှ ၁၂၀၀ သာ ရောင်းချရခြင်းကြောင့် ယခုနှစ် ထိုင်ဝမ်ပိန္နဲစိုက်တောင်သူများ ဝင်ငွေတွက်ခြေကိုက်နေကြကြောင်း သိရသည်။



(အပေါ်ပုံ)(၄၈၁)

# မန္တလေးဈေးကွက်အတွင်း ကြက်သွန်နီဈေးနှုန်းကောင်းများ ရရှိနေ

**မန္တလေး နိုဝင်ဘာ ၂၇**

မန္တလေးဈေးကွက်အတွင်း နယ်ပယ်ပေါင်းစုံ ကြက်သွန်နီဝယ်ယူမှုကောင်းမွန်နေခြင်းကြောင့် ဈေးနှုန်းကောင်းများရရှိလျက်ရှိကြောင်း ကိုင်တန်းဈေးအတွင်းရှိ ကြက်သွန်နီပွဲရုံများထံမှ သိရသည်။

အလှူအတန်းကာလဖြစ်သောကြောင့် ဝယ်ယူမှုယခင်လများထက် ပိုမိုများပြားခြင်း၊ ကြက်သွန်နီအသစ်မပေါ်သေးပဲ အဟောင်းများသာ ဈေးကွက်အတွင်းရှိနေခြင်းကြောင့် ဝင်ရောက်မှုထက် ဝယ်ယူမှုက ပိုမိုများပြားနေခြင်းတို့ကြောင့် ယခုကဲ့သို့ ဈေးနှုန်းကောင်းများ ရရှိနေသည်။

'ကြက်သွန်နီက နယ်တွေကမဝင်သေးဘူး၊ အဟောင်းတွေကို ဈေးကွက်ထဲမှာ ရောင်းချနေရတာ အဝယ်ကတော့ များတယ်။ ဒါကြောင့်ဈေးနှုန်းကငါးရာကျော်လောက်တော့ တက်လာတယ်။ အသစ်ပေါ်မှပဲ ဈေးက နည်းနည်းအေးသွားမယ်ထင်တယ်' ဟု ကိုင်တန်းဈေးအတွင်းရှိ ကြက်သွန်နီပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

ကြက်သွန်နီ ယခင်လများက တစ်ပိဿာလျှင် အနိမ့်ဆုံးဈေးနှုန်းငွေကျပ် ၁၃၀၀မှ အမြင့်ဆုံးဈေးနှုန်း ငွေကျပ် ၃၄၀၀ အထိသာရှိခဲ့ရာမှာ ယခုအခါ အနိမ့်ဆုံးဈေးနှုန်း ငွေကျပ် ၂၀၀၀မှ အမြင့်ဆုံးဈေးနှုန်း ငွေကျပ် ၄၀၀၀ အထိ မြင့်တက်လာကာ အရောင်းအဝယ် သွက်လက်လျက်ရှိသည်။

'ကြက်သွန်နီကုန်ချိန်ကတော့ အဝင်ကနည်းတော့ နည်းတယ် တစ်ရက်ကို ပိဿာချိန်ကတော့ ထောင်ဂဏန်းလောက်တော့ အဝင်ရှိတယ်။ အရောင်းအဝယ်ကတော့ သွက်သွက်လက်လက်ဖြစ်နေတယ်။ အရင်လတွေကတော့ အခုလိုရက်ပိုင်းမှာဆိုရင် ကုန်ချိန်သောင်းနဲ့ချီပြီး ဝင်ရောက်တယ်' ဟု ၎င်းက ဆက်လက်ပြောပြသည်။

ကြက်သွန်နီအား နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် စတင်စိုက်ပျိုးကာ ဧပြီလအတွင်းတွင် နွေကြက်သွန်နီများ ပေါ်ထွက်လာမည်ဖြစ်ကြောင်း ကြက်သွန်သီးနှံသည် ပြည်တွင်းစားသုံးမှုမြင့်မားပြီး ပြည်ပဝယ်လိုအားများခြင်းကြောင့် ဈေးကွက်ခိုင်မာမှုရှိသော သီးနှံဖြစ်ကြောင်း၊ အရည်အသွေးပြည့်ဝသော ကြက်သွန်နီများကို ထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များကို တင်ပို့ခြင်းအားဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုမြင့်မားအောင် လုပ်ဆောင်နိုင်ကြောင်း၊ တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်၍လည်း ဈေးကွက်ချဲ့ထွင်ကာ ရောင်းချမှုများကို ပြုလုပ်နိုင်သည်။

ကြက်သွန်နီကို စိုက်ပျိုးခြင်းအားဖြင့် စိုက်ပျိုးတောင်သူများမှာ မျိုးစေ့များကို ကြဲပက်(ပင်စိုက်၊ ဥစိုက်)မျိုးစေ့ယူ စိုက်ခင်းများကို တိုးချဲ့စိုက်ပျိုးသင့်ကြောင်း၊ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် ကြက်သွန်နီပွဲရုံများ၊ ကြက်သွန်ကြော်လုပ်ငန်းများ အလုပ်အကိုင်ပိုမိုရရှိကာ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိလာနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၈)

* - * - * - * - *



# ယခုနှစ် ဆောင်းသီးနှံစုံ ဧက ၄၃၀၀၀ ကျော်စိုက်ပျိုးပြီးစီး အောင်မြင်ဖြစ်ထွန်း

**ကျွန်းလှ နိုဝင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ဧက ၄၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးအောင်မြင်ဖြစ်ထွန်းနေကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ ကျွန်းလှမြို့နယ်တွင် ၂၀၂၄ - ၂၀၂၅ ခုနှစ်၊ ဆောင်းရာသီ၌ နွေစပါး ၁၆၆ ဧက၊ ပဲမျိုးစုံ ၁၉၇၉၃ ဧက၊ ဆီထွက်သီးနှံ ၃၄၈၆၄ ဧက၊ စားဖိုဆောင်သီးနှံ ၈ ဧက၊ အခြားသီးနှံ ၂၅၀၅ ဧက၊ စုစုပေါင်း ၅၇၃၃၆ ဧက စိုက်ပျိုးရန် လျာထားသည်။ 'ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးဖို့ ၅၇၃၃၆ ဧကလျာထားပြီး လက်ရှိအချိန်ထိ ၄၃၆၈၈ ဧက (၇၆ ဒသမ ၂၀)ရာခိုင်နှုန်း စိုက်ပျိုးပြီး ဖြစ်ပါတယ်။ စိုက်ပျိုးရာမှာ ချောင်းရေနဲ့ မြေအောက်ရေတင် စိုက်ပျိုးကြပါတယ်။ လျာထားချက်ပြည့်မီကျော်လွန်ရန်၊ သီးထပ်၊ သီးညှပ်စိုက်ပျိုးကြရန် တောင်သူတွေနဲ့ ဆွေးနွေးလျက်ရှိပါတယ်' ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ပြောသည်။

ကျွန်းလှမြို့နယ်တွင် ယနေ့အထိ ဆောင်းသီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲမျိုးစုံ ၁၂၀၈၀ ဧက၊ ဆီထွက်သီးနှံ ၃၀၁၇၆ ဧက၊ အခြားသီးနှံ ၁၄၃၂ ဧက၊ စုစုပေါင်း ၄၃၆၈၈ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၄၈၀)

## ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ကျင်းပ

**နမ့်စန် နိုဝင်ဘာ ၂၇**

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် မြို့နယ်အားကစားနှင့်ကာယပညာ ကော်မတီဥက္ကဋ္ဌဖလား ဘိလိယက်နှင့် စနူကာပြိုင်ပွဲဖွင့်ပွဲကို နိုဝင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီခွဲက အမှတ်(၂)ရပ်ကွက်ရှိ K9 ဘိလိယက်ခုံတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အားကစားမှူး ဦးအောင်ကိုကိုက ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ အကြိုးတန်းဘိလိယက်နှင့် စနူကာပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား ဘိလိယက်နှင့် စနူကာပြိုင်ပွဲကို အကြိုးတန်းနှင့် အငယ်တန်း နှစ်မျိုးယှဉ်ပြိုင်သွားမည်ဖြစ်ပြီး နမ့်စန်၊ လွိုင်လင်နှင့် ပင်လုံမြို့တို့မှ ပြိုင်ပွဲဝင်ကစားသမား စုစုပေါင်း ၃၂ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





## သဘာဝဘေးရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့်တိရစ္ဆာန်များ ပြန်လည်ထောက်ပံ့ပေးအပ်

**သာစည် နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်တွင် သဘာဝဘေးရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် တိရစ္ဆာန်များ ပြန်လည်ထောက်ပံ့ပေးအပ်ပွဲကို နိုဝင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်ပွဲတွင် ရှေးဦးစွာ မြို့နယ်အဆင့်တိရစ္ဆာန်ထောက်ပံ့ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်က အမှာစကားပြောကြားသည်။ ဆက်လက်ပြီး ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနခရိုင်ဦးစီးမှူးဒေါက်တာအောင်ထွန်းက ထောက်ပံ့ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တာဝန်ခံမြို့နယ်ဦးစီးမှူးက ထောက်ပံ့ပေးအပ်မည့် ဝက်များအား လက်ခံရယူမည့်သူများသို့ ထောက်ပံ့ပေးအပ်မည့် ပုံစံအား ရှင်းလင်းတင်ပြဆွေးနွေးသည်။ ထို့နောက် ခရိုင်ဦးစီးမှူး၊ မြို့နယ်အဆင့် တိရစ္ဆာန်ထောက်ပံ့ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့်ကော်မတီဝင်များ၊ ကျေးရွာအဆင့် တိရစ္ဆာန်ထောက်ပံ့ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များက နေရာယူကြပြီး ကျေးရွာ (၇)ရွာမှ ဝက်ပိုင်ရှင် ၃၃ ဦးတို့ထံ ဝက်ကောင်ရေ ၅၁ ကောင်ကို လက်ဝယ်အရောက် ထောက်ပံ့ပေးခဲ့သည်။

ထို့နောက် လက်ခံရယူသည့် ကျေးရွာပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၈၇)**

o-o-o-o-o-o-o



## နတ်မောက်မြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ

**နတ်မောက် နိုဝင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ဥမ္မာခင်က ကျောင်းသား၊ ကျောင်းသူ၊လူငယ်များ အသိပညာဗဟုသုတများ တိုးပွားစေရန်၊ ဉာဏ်ရည်၊ ဉာဏ်သွေးဖွံ့ဖြိုးစေရန် စာဖတ်စွမ်းရည်တိုးတက်စေရေး၊ နှုတ်မှုစွမ်းရည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မိမိရုံးရှိ ပြည်သူ့စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ရည်ရွယ်၍ ပြိုင်ပွဲများ ကျင်းပပေးရခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာပြိုင်ပွဲဝင် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက မိမိကြိုက်နှစ်သက်သည့် ခေါင်းစဉ်များဖြင့် အဖွဲ့လိုက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အဆိုပါပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့နယ်ပြန်/ဆက်ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် တက်ရောက်လာသည့် တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) မူမူစန်း**

## တောင်တမုတ်လက်တံမြောင်း၌ သဲနုန်းတူးဖော်ခြင်းနှင့် ရေမြှင့်အဆောက်အအုံ လေးခု ပြန်လည်ပြုပြင်ပေး

**ကျောက်ဆည် နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် သီးနှံများအောင်မြင်ဖြစ်ထွန်းရေး ရေမြောင်းများအားသဲနုန်းတူးဖော်ခြင်း၊ ရေတံခါးများ၊ ရေမြှင့်၊ ရေကျအဆောက်အအုံများနှင့် မြောင်းပေါင်များ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄ -၂၀၂၅ ခု ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေများ ပေးဝေနေသည့် တောင်တမုတ်လက်တံမြောင်း၌ သဲနုန်းတူးဖော်ခြင်းနှင့် ရေမြှင့်အဆောက်အအုံ ၄ ခု ပြန်လည်ပြုပြင်ပေးခဲ့ကြောင်း သိရသည်။

တောင်တမုတ်လက်တံမြောင်းသည် နှစ်ကာလကြာမြင့်စွာ သဲနုန်းတူးဖော်ခြင်း မရှိသောကြောင့် မြောင်းအတွင်းသဲနုန်းများပို့ကျကာ မြောင်းကြမ်းပြင်အနိမ့်အမြင့်ညီညာမှုမရှိဖြစ်ကာ မြောင်းဘေး ဝဲ၊ ယာ ရေပြွန်များအတွင်းသို့ လိုအပ်သည့်ရေဝင်ရောက်မှုပမာဏ အပြည့်အဝ မရှိသောကြောင့်၊ မြောင်းအဆုံး၊ မြောင်းအဖျားရှိ စိုက်ခင်းများအထိ ရေပြည့်ဝစွာ ပေးဝေနိုင်ရေး မန္တလေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ်၂၄ သန်း အကုန်အကျခံကာ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေမြှင့်အဆောက်အအုံ လေးခုအား ပြန်လည်ပြုပြင်ပေးခဲ့ပြီး ရေကျအဆောက်အအုံများ၏ အထက် ၁၅ ပေ၊ အောက် ၁၅ ပေအတွင်း တိမ်ကောနေသည့် မြောင်းကြမ်းပြင်များအား သဲနုန်းတူးဖော်ပေးခဲ့ပြီး မြောင်းပေါင်နှုတ်ခမ်းများတွင် ချုံနွယ်များ သန့်ရှင်းခြင်း အချောသပ်ပေးခြင်းများ ပြုလုပ်ခဲ့သည်။ **(အောက်ပုံ)**

ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သောကြောင့် တောင်တမုတ်လက်တံမြောင်းတွင် စိုက်ပျိုးရေများ အလှည့်ကျပေးဝေသည့် အချိန်အတွင်း ရေစီးရေလာကောင်းမွန်စွာဖြင့်အချိန်နှင့် တစ်ပြေးညီ ပြည့်ဝစွာပေးဝေနိုင်ပြီဖြစ်သောကြောင့် စိုက်ပျိုးတောင်သူများအတွက် များစွာအဆင်ပြေလျက်ရှိကြောင်း သိရသည်။ **(၄၈၅)**



## ကုန်စိမ်းဈေးရုံနှင့် ကုန်စိမ်းပွဲရုံသစ်ကြီး တည်ဆောက်လျက်ရှိ

**မုံရွာ နိုဝင်ဘာ ၂၇**

မုံရွာမြို့တွင် အနယ်နယ် အရပ်ရပ်မှ ရာသီပေါ်သီးနှံများ ရောင်းချသည့် ကုန်စိမ်းဈေးသည်များအတွက် မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်မြေဧက (၃ ဒသမ ၈)ဧကပေါ်တွင် ကုန်စိမ်းဈေးရုံနှင့် ကုန်စိမ်းပွဲရုံသစ်ကြီးကို တည်ဆောက်လျက်ရှိသည်။

"မုံရွာမြို့၊ မြို့အင်္ဂါရပ်နဲ့အညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက လမ်းမကြီးတစ်လျှောက် ရောင်းဝယ်ဖောက်ကားလျက်ရှိတဲ့ ကုန်စိမ်းဈေးသည်တွေ စနစ်တကျ ရောင်းဝယ်ဖောက်ကားနိုင်ဖို့နဲ့ လမ်းမကြီးတစ်လျှောက် ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် ကုန်စိမ်းဈေးရုံနှင့်ကုန်စိမ်းပွဲရုံသစ်ကြီးကိုတည်ဆောက်နေပါတယ်" ဟု မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးထွန်းထွန်းက ပြောသည်။

ကုန်စိမ်းဈေးရုံတည်ဆောက်ရာတွင် (ပေ ၈၀×ပေ ၆၀)အတိုင်းအတာရှိ ဈေးရုံ ၁၂ ရုံအား လှရတီ၊ ဘုန်းကံတိုး၊ ကံမြတ်ထွန်းကျော်၊ မြမြင့်မိုရ်အရာတော် ကုမ္ပဏီတို့မှ တည်ဆောက်လျက်ရှိပြီး ဈေးရုံတစ်ရုံလျှင် (ပေ၂၀× ပေ ၃၀) အခန်းရှစ်ခန်းနှုန်းဖြင့် ကုန်စိမ်း ခန်း ၉၆ ခန်း ပါဝင်မည်ဖြစ်သည်။

"ရာသီပေါ်သီးနှံတွေကို တစ်စုတစ်စည်းထဲဝယ်ယူရရှိနိုင်ပြီး ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းတွေ ဖော်ဆောင်ပေးနိုင်မှာဖြစ်ပါတယ်"ဟု ပြည်ထောင်စုဈေးမှ ကုန်စိမ်းဈေးသည်က ပြောသည်။

ထို့အပြင် မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့သစ်ဈေး (ဗန္ဓုလဈေး)သည် ယခင်က ၉ ပေ၊ ၁၁ ပေရှိ ဆိုင်ခန်း ၂၆ ခန်း ပါသော တစ်ထပ်ဈေးရုံအား ယခုအခါ RC နှစ်ထပ်အဆောက်အအုံ အဆင့်မြင့်ဈေးအဖြစ် အဆင့်မြှင့်တည်ဆောက်လျက်ရှိသည်။ ဈေးရုံ၏ အောက်ထပ်ဈေးရုံတွင် (၁၀ ပေ×၁၂ပေ)ဆိုင်ခန်း ၄၄ ခန်းနှင့် အပေါ်ထပ် အဆင့်မြင့် super market အများထားရှိရန် hall type ပုံစံဖြင့် တည်ဆောက်လျက်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ကြီးကြပ်၍ ကံစောထွန်းကုမ္ပဏီက တင်ဒါစနစ်ဖြင့် တာဝန်ယူတည်ဆောက်လျက်ရှိသည်။

မြို့သစ်ဈေး၏ တောင်ဖက်တွင် တည်ရှိသော အောင်ချမ်းသာဈေး ပျံကျဈေးရုံ ရှစ်ရုံအား ပြင်ဆင်လျက်ရှိပြီး ဈေးရုံသုံးရုံကို အသစ်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(၃၉၄)**

o-o-o-o-o-o-o



## စာဖတ်ရှိန်မြှင့်တင်ရေး ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေး ဟောပြောပွဲ ဆောင်ရွက်



**နတ်မောက် နိုဝင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟို ဌာန (Community Centre)၌ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒေါ်သိမ့်သိမ့်မိုး (ဦးစီးအရာရှိ)က ကလေးအလုပ်သမားဖြစ်ရခြင်းအကြောင်းအရင်းများ၊ ကလေးများအား ကလေးအလုပ်သမားအဖြစ် ခိုင်းစေမှု၊ ကလေးများကို အန္တရာယ်ရှိစေနိုင်သည့် အလုပ်၊ ပြင်းထန်ပြီး ထိခိုက်ဒဏ်ရာရစေသည့်အလုပ်၊ ဖိစီးမှုများသည့် အလုပ်၊ ပင်ပန်းကြီးစွာ လုပ်ရသော အလုပ်များကို ခိုင်းစေမှုမပြုရကြောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေများနှင့် ပြစ်မှုပြစ်ဒဏ်များ၊ ကလေးအလုပ်သမားလျော့နည်းစေရန် ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများစသည့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာတို့ကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၆၅)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြော

**ညောင်ရွှေ နိုဝင်ဘာ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ် သစ်တောဦးစီးဌာနမှ မီးခိုးမြူငွေ့လျှော့ချရေး၊ လေထုညစ်ညမ်းမှု လျှော့ချရေးနှင့် သစ်တောသစ်ပင်မှ ရရှိနိုင်သော အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဇော်ဦးက နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ဖြစ်ပေါ်စေသော အကြောင်းအရင်းများ၊ မီးခိုးမြူငွေ့ကြောင့် ထိခိုက်စေနိုင်သော ကျန်းမာရေး၊ လူမှုရေး ဖြစ်စဉ်များ၊ မီးခိုးမြူငွေ့လျှော့ချရေးအတွက် လက်တွေ့လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ လေထုညစ်ညမ်းမှုဖြစ်စေနိုင်သော အကြောင်းများ၊ သစ်ပင်သစ်တော၏ အကျိုးကျေးဇူးများအကြောင်း ဆွေးနွေးဟောပြောခဲ့သည်။ ထို့နောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက သိလိုသည်များကို မေးမြန်းခဲ့သည်။ အဆိုပါဟောပြောပွဲသို့ ကျောင်းသား၊ ကျောင်းသူ ၁၇၅ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ယာပုံ)

မြို့နယ်(ပြန်/ဆက်)



ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ လေ့လာစို့ ။



## စာကြည့်တိုက်အဆောက်အအုံသစ် ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာ ကျင်းပ

**တပ်ကုန်း နိုဝင်ဘာ ၂၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ် ညောင်တုန်းအိုင်ကျေးရွာနှင့် ရွှေဥဒေါင်းကျေးရွာတို့တွင် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီမှ မ,တည်ငွေဖြင့် စာကြည့်တိုက်အဆောက်အအုံသစ်ဆောက်လုပ်ရေး ပန္နက်တင်မင်္ဂလာကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာများတွင် စာကြည့်တိုက် ဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပခဲ့သည်။

အဆိုပါ စာကြည့်တိုက် အဆောက်အအုံသစ်ဆောက်လုပ်မည့်မြေနေရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်အေးအေးမိုး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းထွန်းတို့က မင်္ဂလာအချိန်တွင် ပန္နက်တင်ပေးခဲ့ပြီးနောက် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ရှင်းလင်းမှာကြားခဲ့သည်။

အဆိုပါ ကျေးရွာများတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီမှ မ,တည်ငွေဖြင့် အလျား၂၀ ပေ၊ အနံ ၂၁ ပေရှိ တစ်ထပ်စာကြည့်တိုက် အဆောက်အအုံသစ်များ တည်ဆောက်ကြမည်ဖြစ်ပြီး ဒေသခံပြည်သူများက စိုက်ပျိုးရေးလုပ်ငန်း အဓိကဆောင်ရွက်ကြကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့

## စာဖတ်ရှိန်မြှင့်တင်ရေးမို့ ပူးပေါင်းပါဝင်စို့

* စာကြည့်တိုက်တွေ ဖွံ့ဖြိုးမှု
လုပ်ဆောင်ပြု ဂုဏ်ယူစရာ ။
စာဖတ်ရှိန်မြှင့်တင်ရေး
ဦးဆောင်ပေးတာ ။
မိဘနှင့် သင်ဆရာ
ပေါင်းစုကာ တွဲဆက်ကြ ။
ပညာရည်ထူးချွန်ထက်စေဖို့
မှန်းလျက်ကျင်းပ ။

* တိုင်းဒေသကြီး အစိုးရရယ်နှင့်
ရှေ့ဆောင်ပြု ဖော်ဆောင်သည် ။
ကျောင်းသားသူငယ် စိတ်ခွန်အား
တိုးပွားအမှန်တည် ။
ဗလငါးတန်နှင့် ပြည့်စုံရည်
တို့မြန်ပြည် ဝင့်ဝင့်ကြွား ။
ခေတ်ရှည်ကြာ မော်ကွန်းထိုးပါလို့
တိုးတက်ဂုဏ်အား ။

* စာဖတ်ဖို့ရယ် လှုံ့ဆော်ထားလို့
သုတပွား စာကြည့်တိုက်တွေ ။
ကျောင်းများစွာ ကျင်းပမှု
အကျိုးပြုအမှန်ပေ ။
ကူညီကြလို့ ကျိုးဆောင်စေ
မျိုးဆက်တွေ ဖွံ့ဖြိုးဖို့ ။
စိတ်တူညီ ကမ်းလက်တွဲလို့ရယ်
ပွဲတော်သွားစို့ ။ ။

မင်းမြတ်မိုး(မန်းမြေ)



## သတင်းပဒေသာ

### စာဖတ်ရှိန်မြင့်တင်ရေး လှုငယ်စကားဝိုင်းကျင်းပ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ရှောက်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမူထွန်းက အသိဉာဏ်ပညာ ဗဟုသုတများ ပြည့်စုံကြွယ်ဝပြီး၊ ဗလငါးတန်နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်း ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းအမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### အမျိုးသားအောင်ပွဲနေ့အခမ်းအနားသဝဏ်လွှာဖတ်ကြား

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အ·ထ·က(၁)ဘိုးရာဇာခန်းမတွင် ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက "ဓာတိမာန်သီချင်း" သီဆိုဖွင့်လှစ်ခဲ့ပြီး (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသဝဏ်လွှာကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်းက ဖတ်ကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်လှစ်

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှိုင်လင်ခရိုင်ရုံး လူထုအခြေပြုဗဟိုဌာနတွင် ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် ကျေးရွာစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက် ပညာဆင့်ပွားသင်တန်းကို ယနေ့ နံနက်ပိုင်းက အဆိုပါ ရုံးတွင် ပြုလုပ်သည်။ စာကြည့်တိုက်များ ရှင်သန်ခိုင်မာပြီး စာကြည့်တိုက်လုပ်ငန်းများ စနစ်တကျဖြစ်စေရန်၊ ပညာရပ်အလိုက် သုတရသစာအုပ်များ၊ တိုက်ပိုင်စာအုပ်များကို မှတ်သားမှုစနစ်မှန်ကန်စေရန်၊ လယ်ဂျာရေးသွင်းရန်များကို ခရိုင်ဦးစီးမှူး ဒေါ်ဥမ္မာချိုက စာတွေ့လက်တွေ့ ရှင်းလင်းသင်ကြားပြသပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်ခြင်း နည်းပညာသင်တန်းဖွင့်

ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုးပွားစေရေး၊ သင်တန်းမှနည်းပညာများ အသုံးချ၍ စီးပွားဖြစ်ဝင်ငွေရရှိစေရန် ဆောင်ရွက်ခြင်းဖြင့် မိသားစုဝင်ငွေ တိုးပွားရေး၊ လူနေမှုအဆင့်အတန်း မြင့်မားရေးစသည့် ရည်ရွယ်ချက်များဖြင့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်ခြင်း နည်းပညာသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ရပ်စောက်မြို့နယ်၊ ကျောက်တောကျေးရွာအုပ်စု၊ ကျောက်တောကျေးရွာ (IT Center) ခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ဝက်ခြံများကို ပိုးသတ်ဆေးများ လိုက်လံပက်ဖျန်းခြင်း ဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်၊ ခရိုင်နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ကြီးကြပ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးငြိမ်းထွန်းကျော်နှင့် အဖွဲ့ဝင်များသည် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် မိုင်းတုံမြို့နယ်၊ နောင်ပါရင်ကွက်သစ်ရပ်ရှိ ဝက်မွေးမြူရေးအစုအဖွဲ့၏ ဝက်မွေးမြူရေးအခြေအနေ ဝက်ကျန်းမာရေးနှင့် ဝက်ခြံများ ပိုးသတ်ဆေးများကို လိုက်လံပက်ဖျန်းခြင်းကို ယနေ့ နံနက် ၁၁ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မန္တလေးဂီတချစ်မြတ်နိုးသူများ(တတိယအကြိမ်) စုပေါင်းဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ



**မန္တလေး နိုဝင်ဘာ ၂၇**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မဟာဝိဇိတာရာမတိုက် ပစ်တိုင်းထောင်ကျောင်းတွင် နိုဝင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက မန္တလေး ဂီတချစ်မြတ်နိုးသူများ (တတိယအကြိမ်)စုပေါင်းဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ကျင်းပရာ ပစ်တိုင်းထောင်ကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒာသီရိ အမှူးပြုသော သံဃာတော် ၅ ပါး ကြွရောက်တော်မူကြပြီး အလှူ့အသီးသီးမှ အနုပညာရှင် မန္တလေးဂီတချစ်မြတ်နိုးသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော် ဘဒ္ဒန္တနန္ဒာသီရိထံမှ တက်ရောက်လာသူအပေါင်းက သီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး ဆရာတော်၊ သံဃာတော်များအား ကထိန်လျာသင်္ကန်းနဝကမ္မဝတ္ထုငွေကျပ် ၁၅ သိန်း လှူဖွယ်များ ဆက်ကပ်ခြင်း၊ ဆွမ်းဆက်ကပ်ခြင်းများ ပြုလုပ်လျက် အနုမောဒနာ ရေစက်ချတရားကို နာယူကြည်ညိုကာ တက်ရောက်လာသူအပေါင်းအား နံနက်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၇၀)




## ကျန်းမာရေးစစ်ဆေးပေးခြင်း ဆောင်ရွက်

**မန္တလေး နိုဝင်ဘာ ၂၇**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ၁၃၈၆-၈၇(၂၀၂၄-၂၀၂၅)ပညာသင်နှစ်အတွက် ပထမနှစ်တက်ရောက်ရန် သာသနာ့တက္ကသိုလ်ဝင်ခွင့် (ရေးဖြေ)အောင်မြင်ခဲ့ကြသည့် သံဃာတော် ၆၂ ပါးခန့်တို့အား ဘီ၊ပိုး၊စီ ပိုးကျန်းမာရေး စစ်ဆေးပေးခြင်းကို ယမန်နေ့က အောင်မြေသာစံမြို့နယ်၊ ၆၂လမ်းနှင့် ၁၄လမ်းထောင့်ရှိ ဇီဝိတဒါနသာသနာ့ အထူးကုဆေးရုံကြီးတွင် ဆောင်ရွက်ရာ ဆေးရုံဥပဋ္ဌာကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် အဖွဲ့ဝင်များက လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၁)



## ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူငွေ လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၂၇**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်း၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးရှိ အလှူရှင် ပုသိမ်ကြီးမြို့နယ်၊ တံတိုင်းရှည်ကျေးရွာနေ ကွယ်လွန်သူ ဖခင် ဦးစံလှအား ရည်စူး၍ မိခင် ဒေါ်လှမြိုင်နှင့် ကိုစန်းအောင်+မမော်ခိုင် မိသားစုက တစ်နေ့တာ ဆွမ်းအတွက် ငွေကျပ် လေးသိန်းနှင့် ကျောက်ကပ်ဆေးနေသော သံဃာ၊ သီလရှင် ၁၀ ပါးအတွက် ငွေကျပ် သုံးသိန်းငါးသောင်း၊ စုစုပေါင်း ငွေကျပ် ခုနစ်သိန်းငါးသောင်းကို ယမန်နေ့က လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့သည်။ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၆၂၆၃၂၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ) (ကဆ)

## ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဥပဋ္ဌာကအဖွဲ့ လပတ်ပုံမှန်အစည်းအဝေး(၈/၂၀၂၄)ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၇**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းဥပဋ္ဌာကအဖွဲ့၏လပတ်ပုံမှန် အစည်းအဝေး(၈/၂၀၂၄)ကို ဥပဋ္ဌာက အဖွဲ့အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၏ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တကေသဝ (ဓမ္မာစရိယ၊ B.A၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊အဂ္ဂမဟာပဏ္ဍိတ) ကြွရောက်တော်မူပြီး မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ၊ အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာအောင်ဆွေ၊ ဥပဋ္ဌာကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးချစ်ထွန်း၊ အတွင်းရေးမှူး ဦးမျိုးဝင်းနိုင်နှင့် ဥပဋ္ဌာကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပူဇော်၍ အစည်းအဝေး စတင်ဖွင့်လှစ်ကာ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တကေသဝ(ဓမ္မစရိယ၊ B.A၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ)က ဩဝါဒကထာ မြွက်ကြားတော်မူပြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ၊ အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဆွေ၊ ဥပဋ္ဌာကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးချစ်ထွန်းတို့က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ယခင်ကျင်းပပြီးစီးခဲ့သည့် ဥပဋ္ဌာကအဖွဲ့ လပတ်ပုံမှန်အစည်းအဝေး(၇/၂၀၂၄)မှတ်တမ်းကို ရုံးအဖွဲ့မှူး ဦးမောင်မောင်ကလည်းကောင်း၊ ၂၀၂၄ ခုနှစ် (စက်တင်ဘာ/အောက်တိုဘာ) အတွက် ဘဏ္ဍာရေးမှူး၏ (အပ်၊ထုပ်၊ကျန်)ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး(ကိုယ်စား)အဖွဲ့ဝင် ဦးလှဖုန်းကလည်းကောင်း၊ ၂၀၂၄ ခုနှစ် (စက်တင်ဘာ၊အောက်တိုဘာ)အတွက် ဝင်ငွေ၊ ထွက်ငွေ ငွေစာရင်းရှင်းတမ်းကို စာရင်းစစ် ဦးစိုးကြိုင် အသီးသီးဖတ်ကြားတင်ပြကြပြီး အတည်ပြုကြသည်။

ဆက်လက်၍ ဥပဋ္ဌာကအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို အတွင်းရေးမှူးက တင်ပြပြီး ဥပဋ္ဌာကအဖွဲ့ဝင်များက လုပ်ငန်းကဏ္ဍအလိုက် တင်ပြဆွေးနွေးခြင်း၊ အထွေထွေဆွေးနွေးခြင်း၊ ဆုံးဖြတ်အတည်ပြုခြင်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ကြပြီးနောက် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ပူဇော်၍ အစည်းအဝေးကို အောင်မြင်စွာပြီးမြောက်ကြောင်း သိရသည်။

(၀၅၂)

# ကျွန်တော်မြင်တဲ့ ရှုထောင့်နဲ့ လူမှုဘဝတွေကို ဖော်ပြဖို့ ကြိုးစားရေးသားထားတဲ့ ဆရာနေမျိုး၏ "မိုးဘိုင်စကုပ်" ၂၀၂၃ ခုနှစ် ရသစာတမ်း(အက်ဆေး)ဆုရရှိ

၂၀၂၃ ခုနှစ်မှာ ထုတ်ဝေခဲ့တဲ့ စာအုပ်တွေကို ၂၀၂၄ခုနှစ်မှာ ဆုအဖြစ်ပေးအပ်ဖို့ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက ပထမအကြိမ်ထုတ်ဝေခဲ့တဲ့ စာအုပ်တွေကို ရွေးချယ်ခဲ့ပြီးတော့ နိုဝင်ဘာ ၂၂ရက်မှာ ထုတ်ပြန်ကြေညာခဲ့ရာမှာတော့ ဆရာနေမျိုး ရေးသားထားတဲ့ "မိုးဘိုင်စကုပ်"ရသအက်ဆေးစာအုပ်က ရသစာတမ်း(အက်ဆေး) ဆုကို ရရှိခဲ့ပါတယ်။

လက်ရှိမှာတော့ ဆရာနေမျိုးအနေနဲ့ ရသစာအုပ်၊ ကဗျာတွေအပါအဝင် စာအုပ်ပေါင်း သုံးဆယ်ကျော်ကို ရေးသားခဲ့ပြီး အချို့စာအုပ်တွေကိုတော့ ထုတ်ဝေခဲ့ပြီးဖြစ်တယ်လို့ ဆိုပါတယ်၊ အခုဆုရရှိတဲ့စာအုပ်ကတော့ စာအုပ်နှစ်ဆယ်ကျော်မြောက်စာအုပ်မှာ ရရှိခဲ့တာလို့လည်း သိရပါတယ်၊ ဆုရရှိခဲ့သည့် ရသစာတမ်း(အက်ဆေး) "မိုးဘိုင်စကုပ်" ကို ငါတို့စာပေတိုက်က ထုတ်ဝေခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

ဆုရရှိခဲ့တဲ့စာအုပ်ကို ထုတ်ဝေသူရဲ့ ကျွမ်းကျင်မှု၊ လုပ်ပုံကိုင်ပုံနည်းစနစ်ကျတာတွေအပြင် သက်ဆိုင်ရာကို ချိတ်ဆက်တာတွေ အမျိုးသားစာပေဆု ရွေးချယ်တဲ့အဖွဲ့တွေကို ထုတ်ဝေသူက တင်ပေးခဲ့တာလို့လည်းသိရပါတယ်၊ အဲဒီကနေ တစ်ဆင့် ရွေးချယ်တဲ့အဖွဲ့တွေ ရောက်ရှိပြီး အဆင့်ဆင့်ရွေးချယ်မှုတွေပြုလုပ်ပြီးတော့ အခုလိုမျိုးဆုရရှိခဲ့တာလို့လည်း စာရေးဆရာနေမျိုးက ဆိုပါတယ်။




ဆရာနေမျိုးကို ၁၉၆၃ခုနှစ် မတ်လ ၄ရက်မှာ မန္တလေးမြို့၊ အဘဆိုင်းဆရာကြီး ဦးစိန်တင်ဟန်နဲ့ အမိဒေါ်စိန်တင်တို့က မွေးဖွားခဲ့ပြီးတော့ မွေးချင်းခြောက်ယောက်ရှိပြီး ဒုတိယမြောက်သားဖြစ်တယ်လို့ သိရပါတယ်။ ပညာအရည်အချင်းနဲ့ ဆယ်တန်းအထိ တက်ရောက်ခဲ့သလို မန္တလေးပန်းချီ၊ ပန်းပုကျောင်းမှာ လုပ်ငန်းပန်းချီ အထူးပြုဘာသာရပ်ကို သင်ကြားခဲ့ပြီးတော့ ၁၉၈၄ ခုနှစ်မှာ အောင်မြင်ခဲ့တယ်လို့ သိရပါတယ်။ စာပေလောကထဲကိုတော့ ၁၉၉၀ ပြည့်နှစ်မှာ ဝင်ရောက်ခဲ့ပြီးတော့ ပထမဆုံးပုံနှိပ်ဝတ္ထုတိုစာအုပ် "မြင်ကွင်းကျယ်အချစ်"ကို ဟန်သစ်မဂ္ဂဇင်း၊ ရသကဗျာ" ဆောင်းကို ခုတ်မောင်းခြင်း"ကို ရုပ်ရှင်၊ တေးကဗျာ၊ မဂ္ဂဇင်း၊ လုံးချင်းစာအုပ် "မြင်ကွင်းကျယ်အချစ်နှင့် အခြားဝတ္ထုတိုများ"ကို FTIG စာပေ၊ လုံးချင်း ဝတ္ထုစာအုပ် "အမုန်းကမ္ဘာသို့ ရောက်လာသော ချစ်ဧည့်သည်" ကို ငါတို့စာပေတို့ ဖြစ်တယ်လို့ သိရပါတယ်၊

အခုရရှိခဲ့သော ရသအက်ဆေးစာအုပ်ထဲမှာတော့ အခန်းပေါင်း ၃၁ခန်းပါဝင်ပြီးတော့ ရသစာပေအရသာ၊ စိတ်ကူးနယ်ပယ်မွေ့လျော်မှုရနိုင်သလို၊ ဆရာနေမျိုးက ရှုမြင်တဲ့ ရှုထောင့်မျိုးစုံကို မြင်တွေ့ရမှာ ဖြစ်ပါတယ်၊ ဒါ့အပြင် လူမှုဘဝအခြေအနေအရပ်ရပ်တို့ကိုလည်း ဖော်ပြနိုင်အောင် ကြိုးစားထားတယ်လို့လည်း သိရပါတယ်။

စာအုပ်ထဲမှာပါတဲ့ ခေါင်းစဉ်တွေကတော့ မိုးဘိုင်စကုပ်၊ ကြက်ဥ၊ ဘဲဥ ပုံဝတ္ထု(၁)၊ (၂)၊ (၃)၊ အပိုင်းအစလေးများ လကမ္ဘာပို့စကတ် ရောက်ရှိခြင်း၊ အရိုင်းစာ၊ ကျွန်တော့်အမှာ၊ ကလေးဘဝအမှတ်ရချက်များ၊ စာရေးစားပွဲထိုင်နေသော နေ့ရက်များ၊



မိုးဝေထဲက ကဗျာတစ်ပုဒ်(မဂ္ဂဇင်းများ၏ခေတ် လွှမ်းမောဖွယ်နှစ်ကာလများ၊ အပိုင်းအစတစ်ခု၊ အားလပ်သောနေ့ အရေးအသား၊ ခင်ဗျားနာမည်ဘယ်သူလဲ၊ နွေဦးအိပ်မက်များ၊ ထမင်းချက်အကာ၊ စံပယ်ပန်းကလေးသီချင်း၊ စတုတ္ထနေ့သို့ ရောက်ရှိခြင်း၊ အနည်းဆုံးဝါဒ၊ စာရေးစားပွဲထိုင်တဲ့နေ့၊ မိုးနံပင်၊ရှားစောင်း၊ မြေကပ်နှီးရည်ပင်ကလေးများ (ကလေးဘဝအမှတ်ရချက်)၊ မိုးဝေကို ဖတ်ရှုသည့်အခါ(မဂ္ဂဇင်းများ၏ ခေတ်လွှမ်းမောဖွယ်နှစ်ကာလများ)၊ နွေနေ့လယ်ခင်း၌ စာရေးခြင်း၊ နွေဦးနှင့် အလွမ်းများ၊ နွေဦးပေါက်အလွမ်း၊ သွားစမ်းပါ၊ စိတ်ကူးတချို့၊ နွေဦးပေါက်ကဗျာနှင့် စကားပြေ၊ နေ့စဉ်ဘဝကို ဆားခတ်ခြင်း၊ ခေါ်ပုတ်၊ နေ့စဉ်ဘဝသံခိပ်စတဲ့ ခေါင်းစဉ်တွေနဲ့ အခန်းလိုက် ဖော်ပြရေးသားထားပါတယ်၊ အခန်းလိုက် ရေးသားတဲ့ထဲမှာတော့ လူမှုဘဝအတွေ့အကြုံတွေ၊ ရင်းနှီးတဲ့သူတွေ၊ ဖတ်ခဲ့ မိုးဝေမဂ္ဂဇင်းစာပေတွေနဲ့ စိတ်ကူးစိတ်သန်းတွေကိုလည်း ဖော်ပြထားတယ်လို့ ဆရာနေမျိုးက ပြောပါတယ်။

လက်ရှိစာအုပ်တွေကို ရေးသားနိုင်နေတာက ဆရာကြီးနတ်မောက်ထွန်းရှိန်နဲ့ ရွှေမန္တလေး၊ အထက်မြန်မာသတင်းစာတွေမှာ အတူလုပ်ကိုင်သင်ယူခွင့်ရရှိခဲ့တဲ့အတွက် အများကြီးအကျိုးကျေးဇူးတွေ ရရှိခဲ့သလို၊ ရတနာပုံသတင်းစာမှာလည်း ခြောက်နှစ်ကျော်လောက် အယ်ဒီတာအဖြစ်လုပ်ကိုင်ခဲ့ဖူးတဲ့ မြန်မာစာရေးထုံး၊ သတ်ပုံသတ်ညွှန်း၊ ဝါကျတည်ဆောက်ပုံတွေကို နေ့စဉ်နဲ့အမျှ လေ့လာသင်ယူနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ ဒါ့အပြင် နေ့စဉ်နဲ့အမျှ စာအုပ်၊ စာပေတွေကို ဖတ်ရှုလေ့လာဖြစ်တဲ့အတွက် အမျိုးသားစာပေစိစစ်ရေးကော်မတီကနေ ရွေးချယ်ခံခဲ့ရတဲ့ ရသအက်ဆေးဆုကို ရရှိခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။

လက်ရှိစာအုပ်တွေကို ရေးသားနိုင်နေတာက ဆရာကြီးနတ်မောက်ထွန်းရှိန်နဲ့ ရွှေမန္တလေး၊ အထက်မြန်မာသတင်းစာတွေမှာ အတူလုပ်ကိုင်သင်ယူခွင့်ရရှိခဲ့တဲ့အတွက် အများကြီးအကျိုးကျေးဇူးတွေ ရရှိခဲ့သလို၊ ရတနာပုံသတင်းစာမှာလည်း ခြောက်နှစ်ကျော်လောက် အယ်ဒီတာအဖြစ်လုပ်ကိုင်ခဲ့ဖူးတဲ့ မြန်မာစာရေးထုံး၊ သတ်ပုံသတ်ညွှန်း၊ ဝါကျတည်ဆောက်ပုံတွေကို နေ့စဉ်နဲ့အမျှ လေ့လာသင်ယူနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ ဒါ့အပြင် နေ့စဉ်နဲ့အမျှ စာအုပ်၊ စာပေတွေကို ဖတ်ရှုလေ့လာဖြစ်တဲ့အတွက် အမျိုးသားစာပေစိစစ်ရေးကော်မတီကနေ ရွေးချယ်ခံခဲ့ရတဲ့ ရသအက်ဆေးဆုကို ရရှိခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် နောက်တက်လာမယ့် မျိုးဆက်သစ်လူငယ်တွေအနေနဲ့ စာအုပ်၊ စာပေတွေကို လေ့လာဖတ်ရှုကြဖို့နဲ့ စာဖတ်ကြဖို့ စာရေးကြဖို့လိုတယ်လို့လည်း ဆိုပါတယ်။

ဆရာနေမျိုးအနေနဲ့ ရေးသားပြီး ထုတ်ဝေပြီးတဲ့စာအုပ်တွေအနေနဲ့တော့ ၁။ အဖေနဲ့တူလို့(အက်ဆေး)၊ ၂။ ဒေါ်စောခင်ရဲ့မြေးနှင့် အခြားစာစုများ(အက်ဆေး)၊ ၃။ ခင်သန်းကြီးရဲ့ မျက်လုံးတွေ(အက်ဆေး)၊ ၄။ သစ်ကုလားအုတ် အက်ဆေးများ(အက်ဆေး)၊ ၅။ ညီမလေးဖျားတုန်းက(အက်ဆေး)၊ ၆။ ပြည့်နေတဲ့ထရမ်းပက်(အက်ဆေး)၊ ၇။ ဘဝရှင်သန်ခြင်းနေ့ရက်များ(အက်ဆေး)၊ ၈။ ပန်းချီဆရာနှင့်သူ၏သမီး(အက်ဆေး)၊ ၉။ မိုးဘိုင်စကုပ်(အက်ဆေး)၊ ၁၀။ အငြိမ့်မင်းသမီးနဲ့ စာရေးဆရာ(အက်ဆေး) ၁၁။ သမီးနဲ့စကားပြောဖြစ်ခဲ့သည့် ညနေခင်းများ(အက်ဆေး)၊ ၁၂။ ဘူတာဈေးကလေးနှင့်အခြားဝတ္ထုတိုများ၊ ၁၃။ ဒုတိယကမ္ဘာစစ်အတွင်းက ပဲစေ့တွေ(ကဗျာ)၊ ၁၄။ ကဗျာဆရာဝံပုလွေ(ကဗျာ)၊ ၁၅။ မင်းတို့ကိုအကြောင်းပြုပြီး အားလုံးကိုသံယောဇဉ်ဖြစ်ရတယ်(အက်ဆေး)၊ ၁၆။ စီးဆင်းနေမြဲပင်(လုံးချင်းဝတ္ထု)၊ ၁၇။ အမုန်းကမ္ဘာသို့ရောက်လာသော ချစ်ဧည့်သည်(လုံးချင်းဝတ္ထု)၊ ၁၈။ တချွေစာရေးဆရာ (ကဗျာနှင့်စကားပြေ)၊ ၁၉။ ငါ့ကိုအမှောင်ထဲတစ်ယောက်တည်း မထားရစ်ကြပါနဲ့(ကဗျာသုံးပုဒ်) ၂၀။ ထရပ်ကားပေါ်က သစ်သီးတွေ(ကဗျာ)၊ ၂၁။ အစက်လေးသုံးစက် (အက်ဆေး)၊ ၂၂။ နေပူအထဲက ခွေး(စကားပြေကဗျာ)၊ ၂၃။ ကလယ်ရီနက်သမား အက်ဆေးများ(အက်ဆေး)၊ ၂၄။ ကျီးကန်းဟာ ပျံနေတုန်းပဲ(အက်ဆေး)၊ ၂၅။ ရုတ်တရက် အကြံရခြင်း(ကဗျာ)၊ ၂၆။ ဒဿနပညာရှင် ရောက်ရှိခြင်း(ကဗျာနှင့်ကဗျာကဲ့သို့စာသားများ)၊ ၂၇။ သဘင်သည် တစ်ယောက်၏သား(အတ္ထုပ္ပတ္တိ)၊ ၂၈။ အအေးလွန်ရာစုနှစ်နှင့် အခြားဝတ္ထုတိုများ(ဝတ္ထုတို)၊ ၂၉။ နေမျိုးဝတ္ထုတိုပေါင်းချုပ်(ဝတ္ထုတို)၊ ၃၀။ နေမျိုးလက်ရွေးစင်ကဗျာများ(ကဗျာ)၊ ၃၁။ ရေအိုင်ငယ်အက်ဆေးများ(အက်ဆေး)အပါအဝင် စာအုပ်ကဗျာ၊ ဝတ္ထုတို၊ စကားပြေအပါအဝင် စာအုပ်ပေါင်း ၃၀ ကျော်ခန့် ထုတ်ဝေခဲ့ပြီး ဆက်လက်၍လည်း စာအုပ်များကို ရေးသားထုတ်ဝေနိုင်ရန် ရေးသားလျက်ရှိတယ်လို့ သိရပါတယ်။

၂၀၂၃ခုနှစ်အတွက် အမျိုးသားစာပေဆုများ ထုတ်ပြန်ရာမှာတော့ မန္တလေးမြို့က ဆရာနှစ်ဦးဖြစ်တဲ့ ဆရာကြည်မင်းဝေ၊ ရသစာတမ်း(အက်ဆေး)ဆု ဆရာနေမျိုး မိုးဘိုင်စကုပ်စာအုပ်တို့ဖြင့် စာပေဆုများကို ရရှိခဲ့ပါတယ်၊ ဒီစာရေးဆရာနှစ်ဦးဟာ မန္တလေးမြို့ ရတနာပုံသတင်းစာမှာ အယ်ဒီတာအဖြစ် အတူတကွတာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့သူတွေဖြစ်တယ်လို့လည်း သိရပါတယ်။

မျိုးသန့်



## စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေများ ပေးအပ်ပွဲ အခမ်းအနားကျင်းပ

**မိတ္ထီလာ နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် အီးအေ-(၁) ဆေးအဆင့်နိမ့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ၂၀၂၄-၂၀၂၅ ခုနှစ်အတွက် ထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်က အဆိုပါရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးသန်းနိုင်(ငြိမ်း)က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးနန္ဒကျော်သူ(ငြိမ်း)က မိတ္ထီလာမြို့နယ်အတွင်းရှိ အီးအေ-(၁)ဆေးအဆင့်နိမ့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေများပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ၂၀၂၄-၂၀၂၅ ခုနှစ်အတွက် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ အီးအေ-(၁) ဆေးအဆင့်နိမ့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်(နှစ်မျိုးစွန့်)တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်း၊ အဖွဲ့ဝင် ၁၀ ဦးနှင့် တစ်မျိုးစွန့် တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀နှုန်းဖြင့် အဖွဲ့ဝင် ၈၁ ဦး စုစုပေါင်း ငွေကျပ် ၁၄၁၅၀၀၀ တို့အား မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးသန်းနိုင်(ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးနန္ဒကျော်သူ(ငြိမ်း)နှင့် တာဝန်ရှိတို့က အသီးသီးပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)(၄၆၉)**

## လူငယ်စကားဝိုင်း ကျင်းပ

**ပျဉ်းမနား နိုဝင်ဘာ ၂၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များ အသိပညာဗဟုသုတတိုးပွားစေရန်နှင့် ဗလငါးတန်ပြည့်စုံ၍ ဘက်စုံထူးချွန်ထက်မြက်သော အနာဂတ်လူငယ်လူရွယ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က "ကျောင်းသား၊ ကျောင်းသူ လူငယ်များအနေဖြင့် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဆိုသည့် ဗလငါးတန် ပြည့်စုံပြီး အသိပညာဗဟုသုတ တိုးပွားစေရန်၊ စကားပြောအတတ်ပညာများ ကျွမ်းကျင်တတ်မြောက်ပြီး လူအများရှေ့တွင် ရဲဝံ့စွာစကားပြောဆိုတတ်စေရန်၊ လူငယ်များ နားထောင်ပြီး အသိပညာဗဟုသုတများရရှိ၍ အပြန်အလှန်ဆွေးနွေးကြရာမှ အတွေ့ကြုံသစ်များရရှိစေရန်၊ လူငယ်များအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရန်နှင့် ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်း ကျင်းပပေးရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကျင်းပခဲ့ရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်မင်းလွင်နှင့်အတူ Grade-9 ကျောင်းသား မောင်ဟိန်းကိုကိုဇော်က လူငယ်နှင့်ယဉ်ကျေးမှု Grade-9 ကျောင်းသား မောင်ဟိန်းညီညီဇော်က လူငယ်နှင့်နည်းပညာ၊ Grade-10 ကျောင်းသူ မသွန်းရွှေရည်က လူငယ်နှင့်စာဖတ်ခြင်း၊ Grade-11 ကျောင်းသူ မချယ်ရီမျိုးသန့်က လူငယ်နှင့် အချိန်၏တန်ဖိုး စသည့် ခေါင်းစဉ်များဖြင့် အသီးသီး ဆွေးနွေးပြောကြားသည်။ ထို့နောက် လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးမှုများနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းခဲ့ရာ လူငယ်စကားဝိုင်းတွင် ဆွေးနွေးပြောကြားပေးသော ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြေကြားပေးခဲ့ကြပြီး မြို့နယ်ဦးစီးမှူး ဦးဇော်မင်းလွင်က မေးမြန်းချက်များအပေါ် ထပ်ဆင့်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြူကြူမြင့်က ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များ ဘက်စုံထူးချွန်သောလူရည်ချွန်၊ လူရည်မွန်များဖြစ်လာစေရန်နှင့် နောင်တစ်ချိန်တွင် နိုင်ငံတော်ကအားထားရသည့် လူတော်၊ လူကောင်းများဖြစ်လာစေရန် ကြိုးစားကြစေလိုကြောင်းနှင့် ယခုကဲ့သို့ လူငယ်များအား အသိပညာဗဟုသုတများ တိုးပွားလာစေ ရန်ရည်ရွယ်၍ လူငယ်စကားဝိုင်း ဆောင်ရွက်ပေးခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်"သတင်းစကား"လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် လူငယ်ရေးရာအသိပညာပေး နံရံကပ်ပြဘုတ်များပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။




**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## အင်ဒိုနီးရှားနိုင်ငံမှ အုန်းသီးစိမ်းများကို တရုတ်ဈေးကွက်သို့ ဝင်ရောက်ခွင့်ပြုခဲ့

တရုတ်နိုင်ငံ၏အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့သည် သတ်မှတ်ထားသော ပိုးမွှားကင်းရှင်းရေးဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီသည့် အင်ဒိုနီးရှားနိုင်ငံမှ အုန်းသီးစိမ်းများကို တရုတ်နိုင်ငံသို့တင်သွင်းခွင့်ပြုမည်ဟု နိုဝင်ဘာ ၁၅ ရက်တွင် ၎င်း၏ ဝက်ဘ်ဆိုဒ်မှ ကြေညာခဲ့သည်။

အင်ဒိုနီးရှားသည် အုန်းသီး အဓိကထုတ်လုပ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် အုန်းသီးအထွက်နှုန်းသည် မက်ထရစ်တန် ၂ ဒသမ၈၃ သန်း အထိရောက်ရှိခဲ့ပြီး အုန်းသီးထုတ်ကုန်များတင်ပို့မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၅ ဘီလီယံရှိကာ ကမ္ဘာ့ဈေးကွက်ဝေစု၏ ၃၈ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း၊ အဓိကတင်ပို့သည့်နေရာများမှာ တရုတ်၊ မလေးရှားနှင့် စင်ကာပူတို့ဖြစ်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံမှ အဓိကတင်ပို့သည့် အုန်းသီးထုတ်ကုန်များမှာ အုန်းဆီနှင့် ဆက်စပ်ပစ္စည်းများ၊ အုန်းနို့၊ အုန်းမှုတ်ခွက်မီးသွေးနှင့် ခြစ်ထားသောအုန်းသီးများ ပါဝင်သည်။

GACC ၏ ကြေညာချက်အရ တရုတ်နိုင်ငံသို့ တင်ပို့လိုသော အုန်းခြံများနှင့် ထုပ်ပိုးသည့် စက်ရုံများကို အင်ဒိုနီးရှားနိုင်ငံ၏ Quarantine Agency က မှတ်ပုံတင်ရန်လိုအပ်ကြောင်း၊ ယင်းစိုက်ခင်းများနှင့် စက်ရုံများကို GACC မှ အတည်ပြုမည်ဖြစ်ပြီး ၎င်း၏ဝက်ဘ်ဆိုဒ်တွင် အတည်ပြုထားသော စာရင်းများကို ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**



တစ်ချိန်တည်းတွင် အုန်းခြံများသည် ခြေရာခံခြင်းစနစ်များကို ထူထောင်ရန်နှင့် ကောင်းမွန်သော စိုက်ပျိုးရေးအလေ့အကျင့်များနှင့် ပိုးမွှားစီမံခန့်ခွဲမှုနည်းစနစ်များကို လိုက်နာရမည်ဖြစ်ကြောင်း၊ ထုပ်ပိုးသည့်စက်ရုံများသည် သန့်ရှင်းမှုရှိရန်၊ ကုန်ကြမ်းသိုလှောင်မှုအတွက် သတ်မှတ်ထားသောနေရာနှင့် ကုန်ချောပစ္စည်းများအတွက် ဂိုထောင်တစ်ခုတို့ပါရှိရမည် ဖြစ်သည်။

ပိုးမွှားများ၊ ပုပ်နေသောအသီးများ၊ အကိုင်းအခက်များ၊ အရွက်များ၊ အမြစ်များနှင့် မြေဆီလွှာများ မပါရှိစေရန်အတွက် ထုပ်ပိုးသည့်လုပ်ငန်းစဉ်အတွင်း ပိုးမွှားများ(သို့မဟုတ်)ပုံပျက်နေသော အသီးများကို ဖယ်ရှားခြင်း၊ အသီးများကို စီတန်းခြင်း၊ အဆင့်သတ်မှတ်ခြင်းနှင့် သန့်ရှင်းခြင်း စသည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည် ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံမှ အုန်းသီးစိမ်းများနှင့်စပ်လျဉ်း၍ စိုးရိမ်ရသော ပိုးမွှား ၆ ခုမှာ the spiraling whitefly (Aleurodicus dispersus) black thread scale (Ischnaspis longirostris) guava long scale (Lepidosaphes tapleyi) coffee mealybug (Planococcus lilacinus) passionvine mealybug (Planococcusminor) နှင့် stellate scale (Vinsonia-stellifera) တို့ ဖြစ်သည်။

စတင်တင်ပို့သည့် ပထမ ၂နှစ်အတွင်းတွင် အင်ဒိုနီးရှားအာဏာပိုင်များသည် တင်ပို့မှုတစ်ခုစီအတွက် ၂ ရာခိုင်နှုန်းထက်မနည်းသော နမူနာများကို စစ်ဆေးရမည်ဖြစ်ပြီး ဤနှစ်နှစ်တာ ကာလအတွင်း ပိုးမွှားဆိုင်ရာပြဿနာများမတွေ့ရှိပါက နမူနာနှုန်းကို ၁ ရာခိုင်နှုန်းသို့လျှော့ချနိုင်ကြောင်း မြန်မာစီးပွားရေးသံမှူး၊ နန်နင်းမြို့၏ သတင်းပေးပို့ချက်အရ သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

## တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသော မုန်လာဥဖြူများ စိုက်ပျိုးရောင်းချခြင်းဖြင့် မိသားစုအပိုဝင်ငွေ ရရှိ

**နတ်မောက် နိုဝင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသော ရာသီပေါ်ဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး မိသားစုအပိုဝင်ငွေရရှိကြောင်း စိုက်ပျိုးရောင်းချသူထံက သိရသည်။

စိုက်ပျိုးရေးတောင်သူအများစုသည် စားဖိုဆောင်သုံးဟင်းသီးဟင်းရွက်ကို ရာသီမရွေးမြေအောက်ရေပေးသွင်းခြင်းဖြင့် စိုက်ပျိုးရောင်းချကြကြောင်း၊ ဒေသနေပြည်သူ တချို့က မိမိတို့၏နေအိမ်ခြံဝင်းထဲတွင် စိုက်ပျိုးသလို လယ်ယာမြေများတွင်လည်း သဘာဝမြေဩဇာများဖြစ်သည့် နွားချေး၊ ဆိတ်ချေးများဖြင့်သာ စိုက်ပျိုးထားကြောင်း၊ ကန်စွန်း၊ ရုံးပတီပင်၊ ချဉ်ပေါင်ပင်၊ ပဲတိုင်တောင်၊ ခရမ်း၊ ဘူး၊ ဖရုံ၊ ခဝဲပင်၊ မုန်လာဥဖြူပင်များစိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းကြကြောင်း အရင်းနှီးနည်း၍ မိသားစုဟင်းစားအတွက် စိတ်ပူစရာမလို အလွယ်တကူခူးယူချက်ပြုတ်စားသုံးနိုင်သည့်အပြင် အပိုဝင်လည်းရရှိကြောင်း၊ မြို့နယ်အတွင်းရှိ ဒေသနေပြည်သူများသည် စိုက်ပျိုးရေးလုပ်ငန်း၊ ဥယျာဉ်ခြံမြေလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ဆောင်ရွက်သည့် မြို့ဖြစ်ပြီး ဒေသနေပြည်သူများသည် အပိုဝင်ငွေရရှိရေးအတွက် တစ်နိုင်တစ်ပိုင်ဟင်းသီးဟင်းရွက်စိုက်ပျိုးသည့်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ) မှုမှုစန်း**



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ




## Spirit အိန္ဒိယတောင်ပိုင်းရုပ်ရှင်တွင် မင်းသား Prabhas ပါဝင်

အိန္ဒိယတောင်ပိုင်း တီလဂူ ရုပ်ရှင် Spirit တွင် မင်းသားပရာဟတ်စ် အဓိကပါဝင်ထားပြီး ဗီလိန်သရုပ်ဆောင်နေရာတွင် ဒွန်လီ (ခေါ်)မာဒေါင်ဆွတ် ပါဝင်မည်ဆို၍ ပရိသတ်စိတ်ဝင်စားနေကြောင်း ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင် Spirit ကို Pan Aisa အဖြစ်ပွဲထုတ်ရန် စီစဉ်ထားပြီး Animal ဒါရိုက်တာက ဖန်တီးထားကာ ဘာဟုဘာလီမင်းသား ပရာဟတ်စ် အဓိကပါဝင်ထားပြီး မကြာမီ နမူနာထွက်ရှိလာမည်ဖြစ်သည်။

အက်ရှင်ဇာတ်ကားဖြစ်ပြီး အသေးစိတ်အချက်အလက်များ မသိရှိရသေးဘဲ ဗီလိန်ဇာတ်ရုပ်နေရာတွင် တောင်ကိုရီးယားသရုပ်ဆောင် မာဒေါင်ဆွတ်(ခေါ်) ဒွန်လီပါဝင်၍ စတန့်သမားများစွာ အသုံးပြုထားသည်ဟု ပရိသတ်ထင်ကြေးပေးထားကြသည်။

ပရာဟတ်စ်၏ အင်စတာဂရမ်တွင် ဒွန်လီ(ခေါ်)မာဒေါင်ဆွတ်က Salaar 2 အပါအဝင် ရုပ်ရှင်နှစ်ကားအတွက် အားပေးဂုဏ်ပြုထား၍ ပရိသတ်ကသွယ်ဝိုက်၍ အတည်ပြုထားသည်ဟု ဆိုကြသည်။

SKY

## Amir Khan က ဇနီးဟောင်း၏ ဖခင်နာရေးသို့ သွားရောက်ခဲ့

ဘောလိဝုဒ်မင်းသား အမိရ်ခန်းသည် ဇနီးနှင့်ကွာရှင်းထားသော်လည်း ဇနီးဟောင်းဖခင်၏ ဈာပနသို့ သွားရောက်ခဲ့သဖြင့် ပရိသတ်ချီးကျူးမဆုံးဖြစ်နေကြသည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အမိရ်ခန်း၏ ဇနီးဟောင်း ရီနား၏ဖခင်မှာ လူကြီးရောဂါနှင့် သေဆုံးသွား၍ ဈာပနပွဲသို့ ဦးဆုံးလာရောက်ခဲ့ပြီး တစ်ညလုံးနေပေးကာ အသုဘချသည်အထိ တစ်လျှောက်လုံး ဘေးမှာနေပေးခဲ့သည်။



အမိရ်ခန်း၏ဒုတိယဇနီးဟောင်း ကီရန်အပါအဝင် သား၊ သမီးများ၊ မိတ်ဆွေများလည်း အသုဘအခမ်းအနားသို့ လာရောက်ခဲ့ကြပြီး အားပေးစကား ပြောကြားခဲ့ကြသည်။

အမိရ်ခန်းမှာ အနုပညာလောကတွင် အောင်မြင်သော ထိပ်တန်းမင်းသားတစ်ဦးဖြစ်ပြီး ပထမဇနီးရီနား၊ ဒုတိယဇနီးကီရန်တို့နှင့် ကွာရှင်းထားသော်လည်း မိတ်ဆွေများကဲ့သို့ ခင်မင်ရင်းနှီးမှုရှိခဲ့ကြပြီး စည်းလုံးသော မိသားစုဝင်များအဖြစ် မြင်တွေ့ရ၍ ပရိသတ်အံ့သြမဆုံးဖြစ်ကာ ချီးကျူးထားကြသည်။

SKY

## အိပ်ပျော်သည်ဆိုရုံမျှဖြင့် ဦးနှောက်ကိုအားတိုးစေမည်



အိပ်စက်ခြင်းသည် လူတို့၏ကိုယ်ရောစိတ်ပါ နွမ်းလျပင်ပန်းခဲ့သမျှကို အနားပေးပြေလျော့စေကာ အားသစ်အင်သစ်ကို ဖြစ်စေနိုင်သည်ဟု အိပ်စက်ခြင်းသုတေသီများကဆိုသည်။

အမေရိကန်ပြည်ထောင်စု ရိုက်စ်တက္ကသိုလ်၊ ဟူစတန်အာရုံကြောစနစ်များ ပြန်လည်တည်ဆောက်ရေးဌာနနှင့် ဝေးလ်ကော်နဲလ်ဆေးကောလိပ်တို့မှ သုတေသီများပူးပေါင်းကာ အိပ်စက်ခြင်းက ဦးနှောက်အပေါ် အကျိုးသက်ရောက်ပုံအကြောင်းကို သုတေသနပြုလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ အိပ်ပျော်သည်ဆိုရုံမျှဖြင့်ပင် ဦးနှောက်ကို အားတိုးစေမည်ဖြစ်ကြောင်း မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့သည်။

နေ့ခင်းဘက်တွင် မိနစ်၃၀ကြာမျှ မေးကနဲအိပ်ပျော်သွားခြင်းသည် ဦးနှောက်၏စွမ်းဆောင်ရည်ကို မြင့်တက်လာစေနိုင်သည်ဟု ထို သုတေသီများတွေ့ရှိခဲ့ကြောင်း သိရသည်။

SCI

## Justin Bieber ကဲ့သို့ အကျော်ကြားဆုံး တေးဂီတပညာရှင်ပေါ်လာ

ဟောလိဝုဒ်အနုပညာရှင် ဂျက်စတင်ဘီဘာသည် အကျော်ကြားဆုံး တေးဂီတပညာရှင်အဖြစ် သတ်မှတ်ခံထားရသည့် အနုပညာရှင်ဖြစ်ပြီး သူကဲ့သို့ အကျော်ကြားဆုံး တေးဂီတပညာရှင်အဖြစ် ဂျောင်ဂုပေါ်လာခဲ့ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ဂျက်စတင်ဘီဘာနှင့် ဂျောင်ဂုတို့မှာ Spotify, ယူကျု၊ အိုင်ကျွမ်း၊ မီလွန်၊ Genie, Bugs နှင့် All Billboard Charts တို့တွင် နိုင်ငံမတူဘဲ နံပါတ်တစ် ပိုင်ဆိုင်ထားကြသည့် ပေါ့ပ်စတားများဖြစ်ခဲ့သည်။

ဂျက်စတင်ဘီဘာကို ၁၉၉၄ ခုနှစ်ဖွားများထဲတွင် အကျော်ကြားဆုံးတေးဂီတပညာအဖြစ် သတ်မှတ်ခံရကာ ဂျောင်ဂုကို ၁၉၉၇ခုနှစ်ဖွား အကျော်ကြားဆုံးအနုပညာရှင်အဖြစ် သတ်မှတ်ခံခဲ့ရသည်။

သူတို့နှစ်ဦး ဂီတပွဲပူးပေါင်းဖျော်ဖြေရန် ပရိတ်သတ်များက မျှော်လင့်စောင့်စားနေကြသည်။

SKY



## Han So Hee ခက်ခဲကြမ်းတမ်းသောဘဝကို အဘွားနှင့်ဖြတ်သန်းခဲ့ရ

အနုပညာလောကတွင် ဝေဖန်တိုက်ခိုက်မှုများစွာ ခံခဲ့ရသော မင်းသမီးဟန်ဆိုဟီးမှာ ငယ်စဉ်ကပင် ဘဝကိုအဘွားနှင့်အတူ ခက်ခဲကြမ်းတမ်းစွာ ဖြတ်သန်းခဲ့ရသူဖြစ်သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဟန်ဆိုဟီးသည် မိခင်ဖြစ်သူ လိမ်လည်မှုနှင့် တရားစွဲခံခဲ့ရချိန်၌ ဘူဆန်တွင် လေးတန်းပညာသင်နေချိန်ဖြစ်ပြီး ကျောင်းမတက်ရဲ၍ တစ်နှစ် အိမ်တွင်းပုန်းနေခဲ့ရသည်။

မိခင် ထောင်ထဲရောက်မှ ကျောင်းပြန်၍ ထပ်တက်ခဲ့ရပြီး အနုပညာလောကနှင့် ပွဲဦးထွက်ချိန်တွင် မွေးသက္ကရာဇ်ကိုပင် မှားခဲ့ရကာ ၁၉၉၃ခုနှစ်ဖွားဟု အေဂျင်စီက ပြောကြားခဲ့ရသည်ထိ ဖြစ်ခဲ့သည်။

ဟန်ဆိုဟီးသည် တစ်မျိုးထူးဆန်းသောအပြုအမူနှင့် မင်းသမီးများကြားတွင် ဝေဖန်ခံခဲ့ရသည်မှာ သူတွေ့ကြုံကျင်လည်ခဲ့ရသည့် ပတ်ဝန်းကျင်တွင် ခက်ခဲကြမ်းတမ်းစွာ အဘွားနှင့်အတူဖြတ်သန်းခဲ့ရသောကြောင့် ဖြစ်သည်ဟု အချို့က မှတ်ချက်ပေးခဲ့ကြသည်။

SKY

## Kelly Clarkson ဖခင်အတွက် စိတ်ဒဏ်ရာရခဲ့

ဟောလိဝုဒ်အနုပညာရှင် ကယ်လီကလပ်ဆန်သည် ငယ်စဉ်ကပင် ဖခင်အတွက် စိတ်ဒဏ်ရာရရှိခဲ့သူဖြစ်ပြီး ခင်ပွန်းသည်နှင့်ပါ ကံမကောင်းခဲ့၍ ယောကျ်ားများနှင့်ပက်သက်၍ ကံဆိုးခဲ့သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကယ်လီကလပ်ဆန်သည် ငယ်စဉ်ကပင် ဖခင်စွန့်ပစ်ခံရ၍ သားအမိနှစ်ဦးအတွက် ကံဆိုးခဲ့ရကာ စားပွဲထိုးလုပ်၍ ကျောင်းစရိတ်ရှာ ဝမ်းကျောင်းခဲ့ရသည်။

ဖခင်ကို တွေ့ချင်လွန်း၍ လေဆိပ်လိုက်သွားသော်လည်း တစ်ချက်ပင်လှည့်မကြည့်ခဲ့ဘဲ အောင်မြင်ချိန်ရောက်မှ ငွေပို့ပေးရန်တောင်းခဲ့၍ စိတ်ဒဏ်ရာရရှိခဲ့သည်။

ဖခင်နှင့်တူသော ခင်ပွန်းနှင့် လမ်းခွဲခဲ့ကာ ပိုင်ဆိုင်မှုခွဲရာ၌ ပိုခွဲပေးရန်အတွက် ခင်ပွန်းက တရားစွဲခံခဲ့ရ၍ ကယ်လီကလပ်ဆန်သည် သူ့ဘဝတွင်ဖခင်ကောခင်ပွန်းကိုပါ စိတ်နာကြည်းခဲ့သည်။

ဖခင်ထံသို့သိရှိစေရန် သူ့ပိုင်ဆိုင်မှုများအားလုံးကို သား၊ သမီးများ ဦးထိပ်ထား၍ပေးခဲ့ပြီး ဖခင်ကဲ့သို့မလုပ်ဟု ပြောကြားထားခဲ့သည်။

SKY



## Celine Dion အပါအဝင် နာမည်ကြီးအဆိုတော်များ Best Music Film တွင် နာမည်ပြုတ်ခဲ့ကြ

ဂီတလောကသို့ တစ်ကျော့ပြန် စလင်းဒီယွန်အပါအဝင် နာမည်ကြီးအဆိုတော်များ Best Music Film တွင် ဆန်ခါတင် နာမည်စာရင်းပြုတ်ခဲ့ကြ၍ ပရိသတ်အံ့သြမဆုံးဖြစ်နေကြသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဆန်ခါတင်စာရင်းတွင်ဂျိုးဘာတီဆက်က American Symphony၊ ဂျွန်ကာတာခရက်ရှ် က June ရမ်ဒီအမ်စီက Kings From Queens၊ ဆဲဗင်းဗန်ဇန့်ဒီက Stevie Van Zandt: Disciple နှင့် အနုပညာရှင်များ၏ The Greatest Night in Pop တို့က ဆန်ခါတင်ဝင်ခဲ့ကြသည်။

တစ်ကျော့ပြန် စလင်းဒီယွန်၏ IAM, လေဒီဂါဂါ၏ဂီတသည် စံချိန်ချိုး တေလာဆွိနှင့် ဘီယွန်းဆေးတို့၏ ဂီတများ ဆန်ခါတင်စာရင်းတွင် နာမည်ပြုတ်ခဲ့ကြသည်။

SKY



# ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနားကျင်းပ



**မိတ္ထီလာ၊ နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် အရန်အဖွဲ့ဝင်များ၏ သားသမီးများအား ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်က အဆိုပါရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးသန်းနိုင်(ငြိမ်း)က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးနန္ဒကျော်သူ(ငြိမ်း)က မိတ္ထီလာမြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် အရန်အဖွဲ့ဝင်များ၏ သား၊ သမီးများအား ပညာသင်ထောက်ပံ့ငွေများပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ချုပ်(ဗဟိုဌာနချုပ်)မှ မူလတန်းအဆင့်အတွက် တစ်ဦးလျှင် ၁၀၀၀၀ကျပ်နှုန်း၊ အလယ်တန်းအဆင့်အတွက် တစ်ဦးလျှင် ၁၅၀၀၀ ကျပ်နှုန်း၊ အထက်တန်းအဆင့်အတွက်တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ တစ်ဦးလျှင် ငွေကျပ်၅၀၀၀နှုန်း၊ အလယ်တန်းအဆင့်အတွက်တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း၊ အထက်တန်းအဆင့်အတွက်တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးသန်းနိုင်(ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးနန္ဒကျော်သူ(ငြိမ်း)နှင့် တာဝန်ရှိသူများက ပေးအပ်ကြသည်။

အဆိုပါ မိတ္ထီလာမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် အရန်အဖွဲ့ဝင်များ၏သား၊ သမီးများအား ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် မူလတန်းအဆင့် ၁၁၁ ဦး ၊ အလယ်တန်းအဆင့် ၈၆ ဦးနှင့် အထက်တန်းအဆင့် ၈၅ ဦး စုစုပေါင်း ၂၈၂ ဦးအတွက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ချုပ် (ဗဟိုဌာနချုပ်)မှ ငွေကျပ် ၄၁ သိန်းနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ ငွေကျပ် ၂၆၉၀၀၀၀ စုစုပေါင်း ငွေကျပ် ၆၇၉၀၀၀၀ ကျပ်အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ (၄၆၉)



# သန့်ရှင်း၍စိမ်းလန်းစိုပြည်သော ကျောင်းလုပ်ငန်းများဆောင်ရွက်ထားမှုများအား ကြည့်ရှုစစ်ဆေး

**ကျောက်ဆည် နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းများ ပေါ်ထွန်းလာစေရန် ကျောက်ဆည်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပြီး ယမန်နေ့ နံနက်ပိုင်းက သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ထားသော ကျောက်ဆည်မြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအား ခရိုင်အဆင့် လုပ်ငန်းစိစစ်ရေးအဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့သည်။

သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ ပတ်ဝန်းကျင်ဆိုင်ရာအသိပညာလှုပ်ရှားမှုများ ပိုမိုမြှင့်တင်နိုင်ခြင်း၊ ရာသီဥတုပြောင်းလဲမှုအပေါ် အထောက်အပံ့ဖြစ်လာစေခြင်း၊ အစိုးရဌာနများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ရပ်ရွာလူထုအဖွဲ့အစည်းများအကြား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်နေမှုများနှင့် အလေ့အကျင့်ကောင်းများကို စဉ်ဆက်မပြတ် ရေရှည်ဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

(၄၈၅)

# ပေါ်ဦးပေါ်ဖျားထန်းပင်မြစ်များ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မကွေး နိုဝင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်း၌ ရာသီစာထန်းပင်မြစ် စတင်ပေါ်နေပြီဖြစ်ပြီး ပေါ်ဦးပေါ်ဖျားတွင် ထန်းပင်မြစ်အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ထန်းပင်မြစ်ရောင်းဝယ်သူများထံမှ သိရသည်။ **(ယာပုံ)**

ယခုတစ်ပတ်တွင် ရေနံချောင်းမြို့နယ် ညောင်စောက်ချောင်း ကျေးရွာနှင့် ကျေးရွာအချို့က ထန်းပင်မြစ်များ စတင်ပေါ်နေပြီး ထန်းပင်မြစ် တစ်စည်းလျှင် ၂၀၀၀ကျပ် ရောင်းရပြီး ပေါ်ဦးပေါ်ဖျားရောင်းကောင်း အဝယ်လိုက်နေကြောင်း ထန်းပင်မြစ်ရောင်းသူတစ်ဦးထံမှ သိရသည်။

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်ရှိ ကျေးရွာအချို့က ဒေသခံများ မိသားစုဝင်ငွေရရှိစေရန်ထန်းပင်မှထွက်ရှိသည့် ထန်းရည်၊ ထန်းလျက်အပြင် ထန်းပင်မြစ်ကို ရာသီစာအဖြစ် ရောင်းချခြင်းဖြင့် ဝင်ငွေရရှိကြောင်းဒေသခံများထံမှ သိရသည်။ လူတို့အတွက် ထန်းပင်ကနေ ရာသီဥတုကောင်းမွန်စေပြီး ထန်းသား၊ ထန်းရွက်၊ ထန်းလက်များက လူသုံးကုန်ပရိဘောဂများကိုလည်းကောင်း၊ ထန်းလျက်ကိုကုန်ကြမ်းအဖြစ် စားသောက်ကုန်များ၊ ပရဆေးများတွင် အသုံးပြုနိုင်ကြောင်း၊ ထန်းသီးမှည့်ကိုစိုက်ပျိုး၍ ထန်းပင်မြစ်ကို ရာသီစာအဖြစ် ရောင်းဝယ်ခြင်းဖြင့် ဝင်ငွေရရှိနေကြသည်။

(၄၇၂)



# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံဧက (၄၀၀၀၀)ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်

**ပွင့်ဖြူ နိုဝင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစိုက်ပျိုးစွမ်းအားမြင့်မား တိုးတက်စေရန်နှင့် ဒေသတွင်းရှိတောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်အတွက် တစ်မြို့နယ်လုံး ဆောင်းသီးနှံစုံစိုက်ဧက ၈၀၀၀၀ ကျော်လျာထားစိုက်ပျိုးဆောင်ရွက်လျက်ရှိရာ ယနေ့ထိ သီးနှံစုံဧက ၄၀၀၀၀ ကျော်ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေအပြင် မုန်းချောင်းရေနှင့် မြေအောက်ရေတို့ကို အကျိုးရှိစွာအသုံးချပြီး နှမ်းမိုး၊ ဆောင်း တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရကာ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းသီးနှံစိုက်ပျိုးစွမ်းအား တိုးတက်စေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်အတွက် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နေကြာ၊ နှမ်း၊ ပန်းနှမ်း စိုက်ပျိုးခြင်းအပြင် ဖူးစားပြောင်း၊ ပဲမျိုးစုံသီးနှံ၊ စားဖိုဆောင်သီးနှံမျိုးစုံနှင့် အခြားအထွေထွေစားသုံးသီးနှံအပါအဝင် စုစုပေါင်း ဆောင်းသီးနှံစုံ စိုက်ဧက ၈၅၆၁၂ ဧကစိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူများ သတ်မှတ်စိုက်ဧကပြည့်မီစေရန် ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဆောင်းသီးနှံစုံ ၄၀၁၇၀ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်သည်။ **(အောက်ပုံ)**

ပွင့်ဖြူမြို့နယ်တွင် မြို့ပေါ်ရပ်ကွက် ၄ရပ်ကွက်အပါအဝင် ကျေးရွာအုပ်စု ၅၆စု၊ ကျေးရွာပေါင်း ၂၀၅ရွာရှိပြီး ဒေသခံပြည်သူများမှာ စိုက်ပျိုးရေး အဆင်ပြေမှုကြောင့် တစ်နှစ်ပတ်လုံးစိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြပြီး သီးနှံများစိုက်ပျိုးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဈေးကွက်အခြေအနေပေါ်မူတည်ပြီး ဈေးကောင်းရရှိသည့်သီးနှံများကို တစ်သီးစားစနစ်မှ နှစ်သီးစားဝင်ငွေရရှိရေး ကြိုးပမ်းစိုက်ပျိုးကြကြောင်းသိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# မြို့နယ် ၉ မြို့နယ်ရှိ သမဝါယမအသင်းသားတောင်သူများမှ နို့ထွက်ပစ္စည်းများပူလုံစေရေးအတွက် နွားကောင်ရေ ၉၀၀၀ ကျော်မွေး မြူထားရှိ

**မန္တလေး နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်၉ မြို့နယ်ရှိ သမဝါယမအသင်းသား တောင်သူများမှ နို့နှင့်နို့ထွက်ပစ္စည်းများ ဖူလုံစေရေးအတွက် နွားကောင်ရေ ၉၀၀၀ကျော်ကို မွေးမြူထားရှိပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါမြို့နယ်များရှိ သမဝါယမ အသင်းသားတောင်သူများမှ ပြည်တွင်း၌ နို့နှင့်နို့ထွက်ပစ္စည်းများ ဖူလုံစေရေးအတွက် နွားမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မွေးမြူထားရှိရာတွင် စပ်မျိုးနွား ၆၇၆ ကောင်နှင့် ဒေသနွား ၈၃၈၃ ကောင် စုစုပေါင်း ၉၀၅၃ ကောင်ကို နို့စားနွားမွေးမြူရေးသမအသင်းပေါင်း ၄၇ သင်း၊ အသင်းသား ဦးရေ ၁၄၈၇ ဦးတို့ မွေးမြူဆောင်ရွက်ထားရှိကြောင်း သိရသည်။

"ခုလိုနွားတွေ မွေးမြူဆောင်ရွက်နေတာဆိုရင် မြန်မာနိုင်ငံမှာ နို့နဲ့နို့ထွက်ပစ္စည်းတွေကို သုံးစွဲသူပြည်သူတွေ ဈေးနှုန်းသက်သက်သာသာနဲ့သုံးစွဲနိုင်အောင်လို့ပါ။ လက်ရှိ မြန်မာနိုင်ငံတွင်းမှာ နို့နဲ့နို့ထွက်ပစ္စည်းထုတ်လုပ်မှုနည်းပါးနေတာကြောင့် ပြည်ပကနေမှာယူတင်သွင်းပြီး သုံးစွဲနေတဲ့အပေါ်မှာ သမဝါယမအသင်းက တစ်ဖက်တစ်လှမ်းကနေ နို့နဲ့နို့ထွက်ပစ္စည်းတွေ ထုတ်လုပ်မယ့်ကုန်ကြမ်းကို ထုတ်လုပ်ပေးခြင်းအားဖြင့် ပြည်ပကတင်သွင်းမှုလျှော့ချနိုင်ရေးနဲ့ ပြည်တွင်းစားသုံးမှု ဖူလုံစေရေးအတွက်ကို ရည်ရွယ်ဆောင်ရွက်နေတာပါ" ဟု ၄င်းကရှင်းပြသည်။

တိုင်းဒေသကြီးအတွင်း နွားမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့်မြို့နယ်များမှာ ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ မြစ်သားမြို့နယ်၊ တံတားဦးမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ မလှိုင်မြို့နယ်၊ သာစည်မြို့နယ်၊ ပြင်ဦးလွင်မြို့နယ် စသည့်မြို့နယ်များရှိ သမအသင်းပေါင်း ၄၇သင်းမှ မွေးမြူဆောင်ရွက်နေကြောင်း သိရသည်။ (ဝဲပုံ) (၀၇၃)



# ယာယီအပြည်ပြည်ဆိုင်ရာ ကုန်တင်/ကုန်ချဆိပ်ကမ်းများတွင် ၂၀၂၄ ခုနှစ် အောက်တိုဘာလအထိ တန်ဖိုးအမေရိကန်ဒေါ်လာ ၅၉ ဒသမ ၉၉၆ သန်း တင်ပို့နိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၂၇

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ (၄/၂၀၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၌ ကျင်းပရာ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက် အမှာစကားပြောကြားသည်။



### တက်ရောက်

အစည်းအဝေးသို့ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အတူ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ၊ ကော်မတီအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ ဥက္ကဋ္ဌက ဗဟိုကော်မတီအနေဖြင့် ပြည်ပကုန်သွယ်မှုလျှာထားချက်များ ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ရေးအတွက် ပို့ကုန်/သွင်းကုန်လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးကိစ္စများ၊ မြန်မာ-ထိုင်းနယ်စပ် (ရန်ကုန်-ကော့သောင်း- ရနောင်း) ကမ်းရိုးတန်း ဆိပ်ကမ်းမှ ကွန်တိန်နာစနစ်ဖြင့် ကုန်စည်သယ်ယူပို့ဆောင်ရေးကိစ္စများ၊ ကွန်တိန်နာများ လွယ်ကူမြန်ဆန်စွာ ရှင်းလင်းထုတ်ပေးရေးနှင့် ပို့ကုန်ရငွေများ အချိန်မီပြန်လည်ဝင်ရောက်ရေး၊ စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးမှုကိစ္စများနှင့် တရားမဝင်စက်သုံးဆီများ ဖမ်းဆီးရမိမှု၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးမှု ကိစ္စရပ်များနှင့် CMP လုပ်ငန်းများ ပိုမိုတင်ပို့နိုင်ရေးကိစ္စရပ်များကို ဦးစားပေးဆောင်ရွက်နေကြောင်း။

ပို့ကုန်တန်ဖိုးမှာ သွင်းကုန်တန်ဖိုးထက် ပိုမိုဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ကုန်သွယ်မှုတန်ဖိုးအရ ပိုငွေ (Trade Surplus) ရရှိခဲ့ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်နိုင်ခဲ့သော်လည်း CMP ပို့ကုန် ဆောင်ရွက်နိုင်မှုတွင် ကာလတူနှိုင်းယှဉ်ပါက လျော့နည်းသွားသည့်အတွက် ပို့ကုန်ပိုမိုဆောင်ရွက်နိုင်ရေး ဌာနဆိုင်ရာများက ယခုထက်ပိုမို ပေါင်းစပ်ညှိနှိုင်းပေးစေလိုကြောင်း၊ ပြည်ပပို့ကုန်လျာထားချက်များ ပြည့်မီကျော်လွန်အောင် ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများနှင့် UMFCCI၊ MRF တို့အပြင် ညီနောင်အသင်းအဖွဲ့များကပါ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ပို့ကုန်အမည်သစ်များ တင်ပို့နိုင်ရေး ဈေးကွက်အသစ်များ ရှာဖွေနိုင်မှသာ ပြည်ပပို့ကုန်များတိုးတက်တင်ပို့လာနိုင်ပြီး နိုင်ငံခြားသုံးငွေများ ပိုမိုဝင်ရောက်လာမည်ဖြစ်ကြောင်း။

နယ်စပ်ကုန်သွယ်မှု နည်းလမ်း (Border Trade Method) ဖြင့် ရန်ကုန်-ကော့သောင်း - ရနောင်းနှင့် ရနောင်း-ကော့သောင်း-ရန်ကုန်သို့ ကွန်တိန်နာစနစ်ဖြင့် တင်ပို့/တင်သွင်းခြင်းအား မြန်မာ့စက်မှုဆိပ်ကမ်း (MIP) နှင့် The Myanmar Terminal (TMT) ဆိပ်ကမ်းများတွင် ၂၀၂၄ ခုနှစ် ဇွန်လမှ စတင်ဆောင်ရွက်ခဲ့ရာ တင်ပို့မှုနှင့် တင်သွင်းမှုများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယာယီအပြည်ပြည်ဆိုင်ရာ ကုန်တင်/ကုန်ချဆိပ်ကမ်းများတွင် ၂၀၂၄ ခုနှစ် အောက်တိုဘာလအထိ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၉ ဒသမ ၉၉၆ သန်း တင်ပို့နိုင်ခဲ့ကြောင်း၊ ရေချိုငါးတင်ပို့နိုင်မှုအနေဖြင့် အောင်မင်္ဂလာဆိပ်ကမ်းမှ ၂၀၂၄ ခုနှစ် မတ်လမှစ၍ ပို့ကုန်သင်္ဘော ၁၇ စင်း၊ ရေချိုငါး ၁၇၆၇ ဒသမ ၈၂၉ တန် တင်ပို့နိုင်ခဲ့ကြောင်း။

ပို့ကုန်အတွက် ဆိပ်ကမ်းများတွင် ကုန်သေတ္တာ လုံလောက်မှုရှိစေရန် အကောက်ခွန်ဦးစီးဌာန၏ ကုန်လှောင်ရုံဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုပေးခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် မတ်လမှ နိုဝင်ဘာလအထိ သက်ဆိုင်ရာ Bonded Terminal များမှ ကုန်သေတ္တာ စုစုပေါင်း ၂၇၉၉ လုံး ပြန်လည်ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ၂၀၂၄ ခုနှစ် မတ်လမှ အောက်တိုဘာလအထိ ဆိပ်ကမ်း၊ ကုန်းတွင်း ကုန်သေတ္တာစခန်းတို့မှ စုစုပေါင်းကုန်သေတ္တာ ၁၉၁၃၈၇ လုံး ထုတ်ပေးနိုင်ခဲ့ကြောင်း။

ပို့ကုန်ရငွေ ဝင်ရောက်ရန်ကျန်ရှိသည့် ကုမ္ပဏီများ၏အခက်အခဲများကို တာဝန်ရှိသူများက စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ပြီး ကူညီဆောင်ရွက်ပေးနေကြရမည် ဖြစ်ကြောင်း၊ အဆက်အသွယ်မရသည့်ကုမ္ပဏီများနှင့် ဝန်ခံကတိပြုထားပြီး ပေးသွင်းရန် ပျက်ကွက်နေသည့် ကုမ္ပဏီများကို သက်ဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်းများအတိုင်း အဆင့်ဆင့်အရေးယူဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း စက်သုံးဆီ ပြည်တွင်းဖူလုံမှုရှိစေရန် ဒီဇယ်၊ ဓာတ်ဆီ စုစုပေါင်းတန်ချိန် ၄၃၂၆၇၅ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၃၃၇ ဒသမ ၆၃ သန်း တင်သွင်းနိုင်ခဲ့ကြောင်း၊ တရားမဝင်စက်သုံးဆီ ဒီဇယ်၊ ဓာတ်ဆီ စုစုပေါင်း ၄၅၄ တန် ဖမ်းဆီးရမိခဲ့သဖြင့် သက်ဆိုင်ရာဥပဒေများနှင့်အညီ အမှုဖွင့် အရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း၊ စက်သုံးဆီမီးလောင်မှုဖြစ်စဉ်များ ကြိုတင်ကာကွယ်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများက ပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်ထုတ်ပြန်ပေးလျက်ရှိပြီး စားသုံးဆီဈေးကွက်/ဈေးနှုန်း တည်ငြိမ်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ စားအုန်းဆီတင်သွင်းသည့် ကုမ္ပဏီများက တိုင်းဒေသကြီး၊ ပြည်နယ်များရှိ သက်ဆိုင်ရာလက်လီလက်ကား ကိုယ်စားလှယ်များသို့ တိုက်ရိုက်ဖြန့်ဖြူးရောင်းချသည့် အစီအစဉ်ကို ၂၀၂၄ ခုနှစ် ဇွန် ၃ ရက်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိရည်ညွှန်းဈေးကို အပတ်စဉ် တနင်္လာနေ့တွင် ပေါက်ဈေးနှင့် အနီးစပ်ဆုံးဖြစ်စေရေး တွက်ချက်ထုတ်ပြန်ကြေညာပေးလျက်ရှိကြောင်း။

CMP သွင်းကုန်ပို့ကုန်လုပ်ငန်းများ၊ CMP ကုန်ကြမ်းပစ္စည်းများ တင်သွင်းခြင်း၊ လုပ်ငန်းသုံးစက်ပစ္စည်းများနှင့် စက်အပိုပစ္စည်းများတင်သွင်းခြင်းတို့ကို လွယ်ကူချောမွေ့မှုရှိစေရေး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊CMP ပို့ကုန်အမှာစာများ ပုံမှန်ရရှိရေးအတွက် လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များဘက်က ကြိုးပမ်းအားထုတ်ရန်လိုအပ်သကဲ့သို့ ပြည်ပရှိစီးပွားရေးသံမှူးများမှတစ်ဆင့် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။


ယင်းနောက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးက ရှင်းလင်းဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ သတင်းစဉ်

# အားကောင်းသော မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ

နေပြည်တော် နိုဝင်ဘာ ၂၇

**အားကောင်းသောမုန်တိုင်းငယ် အခြေအနေ**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော



မုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၇၃၀ ခန့်၊ အိန္ဒိယနိုင်ငံ၏ ချင်းနိုင်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၂၇၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ဗဟိုချက်လေဖိအား ၁၀၀၁ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်းခန့်ဖြစ်သည်။

အားကောင်းသော မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**ခန့်မှန်းချက်**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြောက်အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ယနေ့ညပိုင်းတွင်

စာမျက်နှာ ၅ သို့ ➤




## 2024 Golden boy

### အကောင်းဆုံးလူငယ်ကစားသမားဆုကို ယာမားလ်ဆွတ်ခူး

2024 Golden boy အကောင်းဆုံးလူငယ်ကစားသမားဆုကို ဘာစီလိုနာအသင်းနှင့် စပိန်လက်ရွေးစင်အသင်းတောင်ပံကစားသမား ယာမားလ်က ထိုက်ထိုက်တန်တန်ဆွတ်ခူးခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅အထိ ပြိုင်ပွဲစုံ ၆၇ ပွဲကစားပြီး ၁၃ ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့သလို၊ နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့်

စာမျက်နှာ ၇ သို့ ➤